# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၇)


## ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေကြောင့် မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၈

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။


**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့်အသက်ဆုံးရှုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ အာမခံကြေး ဘတ် ၁၁၀၀၀၀၀ ထုတ်ယူနိုင်ရေး အလုပ်သမား သံအရာရှိရုံးကူညီ




ရန်ကုန် ဇူလိုင် ၈

ထိုင်းနိုင်ငံ လယောင်၌ ယာဉ်မတော်တဆဖြစ်၍ အသက်ဆုံးရှုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိက အာမခံကုမ္ပဏီမှ အာမခံကြေးငွေ ဘတ် ၁၁၀၀၀၀၀ အား ထုတ်ယူနိုင်ရေး ကူညီပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ လယောင်၌ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင်

စာမျက်နှာ ၃ ကော်လံ ၅ ✳

## မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား တရားမဝင်ရောင်းချခြင်း ကျူးလွန်ခဲ့သည့် ခရီးသည်တင်ယာဉ် နှစ်စီးအား ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူ

နေပြည်တော် ဇူလိုင် ၈

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) ကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ အကျိုးခံစားခွင့်ရရှိစေရေး YBS ယာဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) ၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာ ပြေးဆွဲရန်နှင့် ယာဉ်စီးခကိုလည်း

စာမျက်နှာ ၃ ကော်လံ ၁ ✪




မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား တရားမဝင်ရောင်းချမှု ကျူးလွန်ခဲ့ခြင်းကြောင့် ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူခဲ့သည့် ခရီးသည်တင်ယာဉ်နှစ်စီး၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


မြန်မာ့အနာဂတ်အတွက် အရေးပါလှတဲ့ လူ့ဦးရေအချက်အလက်

ဆောင်းပါး ➤ ၆

သန့်ရှင်းစိမ်းလန်းပြီး စမတ်ကျသော မြို့ပြစနစ်သို့ ကူးပြောင်းခြင်း

ဆောင်းပါး ➤ ၁၀

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

ပြည်တွင်းသတင်း ➤ ၁၃


## ရန်ကုန်မြစ်အတွင်း သာမန်ထက်ထူးကဲသော ဒီရေမြင့်တက်နိုင်၍ ကမ်းနားဒေသ နေထိုင်သူများ ကြိုတင်ပြင်ဆင်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သတိပေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြစ်အတွင်း ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိကာလအတွင်း အခြေခံရေစံမျဉ်း အထက် ၂၀.၀၁ ပေမှ ပေ ၂၀.၇၀ အထိ သာမန်ထက် ထူးကဲသော ဒီရေတက်နိုင်သဖြင့် မြစ်ကမ်းနားဒေသများတွင် နေထိုင်သူများ ကြိုတင်ပြင်ဆင်ထားကြရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက် ထုတ်ပြန်ထားသည်။

ယခုခန့်မှန်းထားသည့် ဒီရေတက်မှုအခြေအနေသည် စိုးရိမ်ဖွယ်ရာမရှိသော်လည်း မြစ်ကမ်းနားတစ်လျှောက် နေထိုင်ကြသည့် ပြည်သူများ ကြိုတင်သတိပြုပြင်ဆင်နိုင်ရန် အသိပေးထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✳

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-13) ရှိ ပညာရေးမြှင့်တင်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။ (ယာပုံ)



ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာရည်မှန်းချက်များအား အသေးစိတ် ပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်များသည် ကျယ်ပြန့်သဖြင့် ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်ရေးအတွက် မျှော်မှန်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏ ဒေါက်တိုင်များဖြစ်၍ လွှတ်တော်၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ခြင်း၊ တိုးတက်ခြင်းသည် ကော်မတီများအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှု ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးစနစ် အုတ်မြစ်ခိုင်မာစေအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တည်ဆဲဥပဒေများအနက် ပညာရေးမြှင့်တင်မှု ကော်မတီနှင့် သက်ဆိုင်သည့်ဥပဒေ ကိုးခုရှိပြီး ကော်မတီအနေဖြင့် အဆိုပါဥပဒေများပြင်ဆင်နိုင်ရေး ပြန်လည်သုံးသပ်ပြီး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများအနက် ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေကို ဦးစားပေးပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်အောင် အလေးထား လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် School Survey များ ကောက်ယူနိုင်ရေး လွှတ်တော်အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအပြင် ပညာရေးနှင့် လုပ်ငန်းခွင် ဆက်စပ်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training – TVET) များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားဘာသာစကားများကို အခြေခံပညာရေးမှ အစပြု၍ ထည့်သွင်းသင်ကြားစေခြင်းဖြင့် တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှုရရှိကာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် စနစ်တစ်ခုကို ဖော်ဆောင်ရန် စဉ်းစားသင့်ပါကြောင်း၊ ဤကော်မတီအနေဖြင့် ဆရာ ဆရာမများ၏ ခံစားခွင့်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လည်းကောင်း အားလုံးလွှမ်းခြုံနိုင်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသည်ကို သိရှိ၍ဝမ်းသာပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ပညာရေးအခန်းကဏ္ဍ အရွေ့တစ်ခုသို့ရောက်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ပညာရေးမြှင့်တင်မှု ကော်မတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်အပေါ် သုံးသပ်၍ အသိမ်မွေ့ဆုံးနည်းလမ်းများဖြင့် အကောင်းဆုံး ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဟားခါးမြို့ ပြည်ထောင်စုရိပ်သာရှိ အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ အနေဖြင့် ကျရာကဏ္ဍများတွင် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ အဓိက လုပ်ငန်းတာဝန်မှာ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုရာတွင် ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်/ တည်ဆောက်ခြင်း လုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမစနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီကို ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးမှ အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီနှင့် အတူ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းများ ပြန်လည်ဝင်ရောက်၍ လုပ်ငန်းတာဝန်များ ပြန်လည် ထမ်းဆောင်နိုင်ရန် လိုအပ်သည့်ရုံးအဆောက်အအုံများ ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်နိုင်ရေး၊ ဌာနအလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးကြပ်ဆောင်ရွက်သွားရန်နှင့် စဉ်ဆက်မပြတ်ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ရှေ့ဖုံးမှ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မှတ်တမ်းများအရ ယခင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်၏ ဒီရေအမြင့်မှာ ၂၂ ပေအထိ အမြင့်ဆုံးတက်ရောက်ခဲ့ဖူးသည့် သမိုင်းကြောင်းရှိခဲ့သဖြင့် ယခုခန့်မှန်းထားသော ၂၀.၀၁ ပေမှ ပေ ၂၀.၇၀ အထိ ဒီရေတက်မည့်အခြေအနေမှာ စိုးရိမ်ရသည့်အဆင့်တွင် မရှိကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ရန်ကုန်မြစ်၏ ဒီရေအမြင့်သည် အခြေခံရေစိမ်ကြိုးအထက်ပေ ၂၀ ကျော်အထိ လွန်မြောက်နိုင်မည်ဖြစ်သောကြောင့် မြစ်ကမ်းနားဒေသများနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် နေအိမ်များအတွင်း ရေဝင်ရောက်နိုင်သည့် အခြေအနေများအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးဂရုပြု ဆောင်ရွက်ထားကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **TWA**

* ရှေ့ဖုံးမှ

ယာဉ်မတော်တဆဖြစ်ရာမှ အသက်ဆုံးရှုံးခဲ့ရကြောင်း၊ သေဆုံးခဲ့သည့် အလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ ရသင့်ရထိုက်သည့် အာမခံကြေးငွေ ဘတ် ၁၁၀၀၀၀၀ အား ထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၇ ရက်က အလုပ်သမားသံအရာရှိရုံး၌ မိခင်ဖြစ်သူထံသို့ ပေးအပ်ခဲ့သည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍ ကူညီပေးလျက်ရှိကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အလုပ်သမားသံအရာရှိရုံး (Call Center) 020030015၊ အလုပ်သမားသံမှူး(ဗန်ကောက်) 0618108454၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်) 0626890119၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) 0652206952၊ အလုပ်သမားသံအရာရှိ (မဲဆောက်) 0652206953၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) 0945866607၊ အလုပ်သမားသံအရာရှိ (ရနောင်း) 0634818121 တို့သို့ အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်း သိရသည်။ **MT**

❂ ရှေ့ဖုံးမှ

သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံသွားရမည်ဖြစ်ကြောင်း ညွှန်ကြားထားပြီးဖြစ်သည်။

ထိုကဲ့သို့ ညွှန်ကြားထားသော်လည်း YBS (၆၅) ယာဉ်လိုင်းတံဆိပ် တပ်ဆင်ထားသော ယာဉ်အမှတ် (2I–2957) မော်တော်ယာဉ်သည် YBS ယာဉ်လိုင်းတွင် အမှန်တကယ် ပြေးဆွဲခြင်းမရှိဘဲ တောင်ဒဂုံမြို့နယ် ရွာသာကြီး အကြီးစားစက်မှုဇုန်အတွင်း စက်ရုံဖယ်ရီ ပြေးဆွဲလျက်ရှိခြင်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အား ယာဉ်အမှတ် (6F–3682) သို့ တရားမဝင် ရောင်းချခြင်းများ ပြုလုပ်နေကြောင်း တာဝန်သိပြည်သူတစ်ဦးမှ တိုင်ကြားလာသည့်အတွက် တာဝန်ရှိသူများအနေဖြင့် သွားရောက်စစ်ဆေးခဲ့ရာတွင် အမှန်တကယ် ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်အမှတ်(2I–2957) နှင့် (6F–3682) ခရီးသည်တင်ယာဉ် နှစ်စီးအား ဖွန် ၃၀ ရက်မှစ၍ ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❒ *ရွှေဖုံးမှ*

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတကာဖိုရမ်တက်ရောက်ခဲ့မှုကို မှတ်တမ်းတင်ခြင်း၊ အခမဲ့မြေလွှဲပြောင်းပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်း အမှုထမ်းများအား ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များတွင် အခမဲ့ခရီးသွားလာခွင့်ရရှိရေး၊ မြောင်း၊ ချောင်းနှင့် မြစ်ကြောင်းများကို အမြန်ဆုံးပြန်လည်တူးဖော်ပေးရေး၊ ရေထိန်းတာရိုးများ၊ ရေတံခါးများ ပြန်လည်ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၊ ဘရက်စ်မြို့တွင် ၂၁-၆-၂၀၂၆ မှ ၂၂-၆-၂၀၂၆ ထိ ကျင်းပခဲ့သည့် 2nd International Forum of the Union State "Great Heritage –Common Future" သို့ ပါဝင်တက်ရောက်ခဲ့မှုကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားမြေတွင် တည်ဆောက်ထားသော ဘောလုံးကွင်းအား အားကစားဝန်ကြီးဌာနမှ အခမဲ့မြေလွှဲပေးရန် လျှောက်ထားလာပါက လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား၏ အင်းစိန်ဘောလုံးကွင်းကို ဝန်ထမ်းနှင့်မိသားစုဝင်များထဲမှ ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေး ယခင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘောလုံးအသင်း၏ လေ့ကျင့်ရေးကွင်းနှင့် အိမ်ကွင်းအဖြစ် ဘောလုံးပွဲများ လက်ခံကျင်းပနိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများမှ နေ့ထူးနေ့မြတ်များတွင် ဝန်ထမ်းများအတွက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအခမ်းအနားများ ကျင်းပနိုင်ရေးတို့ကိုရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာ့မီးရထားမှကျင်းပသည့် အားကစားပြိုင်ပွဲများ၊ အခမ်းအနားများကို အခမဲ့ဖြင့် ခွင့်ပြုဆောင်ရွက်ပေးခြင်းနှင့် ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်းသို့ လေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းခ ၁ နှစ်လျှင် ငွေကျပ် ၄၀၀၀၀၀၀၀ ဖြင့် ငှားရမ်းခွင့်ပြုထားသဖြင့် ဌာနဝင်ငွေ ရရှိလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အားကစားရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဆိုပါက အခမဲ့အသုံးပြုခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံအတွင်းရှိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များ၌ တာဝန်ဖြင့်ဖြစ်စေ၊ မည်သည့်အကြောင်းကိစ္စဖြင့်ဖြစ်စေ အခမဲ့ခရီးသွားလာနိုင်ရေး ဦးစားပေးအဆင့်အဖြစ် စတင်စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖော်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရထားဖြင့် ယခင်ကဌာနဆိုင်ရာဝန်ထမ်းများကို ခရီးသွားလာခွင့်အမိန့် (MO)တင်ပြပါက ကျသင့်လက်မှတ်ခ၏ ၇၅ ရာခိုင်နှုန်း ကောက်ခံသော်လည်း ၁-၉-၂၀၁၆ ရက်မှစ၍ ကျသင့်လက်မှတ်ခ ၁၀၀ ရာခိုင်နှုန်းပြည့် ကောက်ခံဆောင်ရွက်ခဲ့ရပါကြောင်း။

လေကြောင်းခရီးစဉ်အနေဖြင့် လေကြောင်းလိုင်းများသည် ၎င်းတို့ ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုဖြင့် ရပ်တည်နေရသည့် လုပ်ငန်းများဖြစ်သည့်အပြင် မြန်မာအမျိုးသားလေကြောင်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်လျက်ရှိသည့် လေကြောင်းလိုင်းဖြစ်ပြီး လေကြောင်းလိုင်းမှ ရရှိသည့်ဝင်ငွေဖြင့်သာ ရပ်တည်နေရသည့် လုပ်ငန်းဖြစ်ပါကြောင်း။

ခရီးစရိတ်နှုန်းထားနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများအတွက် ယာဉ်စီးခနှုန်းထားများအား ယခင်နှုန်းထားဟောင်းအတိုင်းမဟုတ်ဘဲ ဒေသန္တရနှုန်းထားများဖြင့် ကုန်ကျသည့်ခရီးစရိတ်ကို ခံစားခွင့်ပြုလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်အရ ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းဖြင့် ခရီးသွားလာခြင်းများအတွက် အမှန်ကုန်ကျစရိတ်ကို ပြန်လည်တင်ပြတောင်းခံလာပါက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၊ သက်ဆိုင်ရာဌာန၏ သာမန်အသုံးစရိတ်မှကျခံ၍ ပြန်လည်ထုတ်ပေးခြင်းဖြစ်သဖြင့် ထိုဝန်ထမ်းများ၏ ခရီးစရိတ်အား နိုင်ငံတော်မှ ကျခံပေးခြင်းပင်ဖြစ်ပါကြောင်း။

ထို့ပြင် တာဝန်ဖြင့်ခရီးသွားသည့်ဝန်ထမ်းများအတွက် ခရီးသွားနေ့တွက်စရိတ်အား တစ်ရက်လျှင် ကျပ် ၄၈၀၀ နှုန်းဖြင့်လည်းကောင်း၊ တည်းခိုစရိတ်နှုန်းထားများကို ရာထူးအဆင့်အလိုက်နှင့် မြို့အလိုက်ခွဲခြား၍လည်းကောင်း သတ်မှတ်ခံစားခွင့်ကို မြန်မာနိုင်ငံ ခရီးစရိတ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ခံစားခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော်မှ ရန်ကုန်သို့ အသွားအပြန်ခရီးစဉ် ရပ်နားထားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းအား မည်သည့်အချိန်နှင့် မည်သို့သောနှုန်းထားများဖြင့် ကောက်ခံ၍ ပြေးဆွဲပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လွိုင်ကော်လေယာဉ်ကွင်း ထိခိုက်ပျက်စီးမှုများ ပြုပြင်ခြင်းကို ယခုအခါ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းတွင် လေယာဉ်ဆင်းသက်အသုံးပြုရန် အဆင်သင့်ရှိနေသဖြင့် လေယာဉ်ဆင်း၊ တက်မှုအတွက် လေယာဉ်ကွင်း ဖွင့်လှစ်ထားရှိပါကြောင်း။

ယခုအခါ ကယားပြည်နယ်အစိုးရမှ မြန်မာအမျိုးသားလေကြောင်းလိုင်းအား လွိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ အသွား၊ အပြန် လေယာဉ်ခရီးစဉ်များ ပြန်လည်ဆင်း၊ တက် ပြေးဆွဲနိုင်ရေးနှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်နိုင်သည့်အနေအထားရှိသည်ဟု ပြန်ကြားချက်ရရှိပြီးဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လေယာဉ်ပြေးဆွဲရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့အဝင် လှိုင်ချောင်းနှင့် မြို့အတွင်းရှိ ချောင်းတောင်ချောင်းအား အမြန်ဆုံးပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့ကရိတ်မြို့ ချောင်းတောင်ချောင်းအတွင်း ပိတ်ဆို့နေသော သောင်ခုံများ၏ အခြေအနေကို လာမည့်ပွင့်လင်းရာသီတွင် ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ် ခရုတုတ်(အရှေ့ရွာ) မြောက်ဘက်တွင်ရှိသော ပန်းလောင်မြစ်နံရံနှင့် မြစ်ရေထိန်းတာရိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်သားမြို့နယ် ခရုတုတ်အရှေ့နှင့် ခရုတုတ်အနောက်ကျေးရွာနှစ်ခုအား ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် စုစုပေါင်း အလျား ပေ ၂၄၀၀ ခန့်ကို ကွန်ကရစ်ပိုင်တိုင်အခြေပြု ကျောက်ဖြည့်မြေထိန်းနံရံဖြင့် တည်ဆောက်ကာကွယ်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၂၅၅၀ ခန့်ဖြစ်ပါကြောင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အသေးစိတ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပန်းလောင်မြစ် ကမ်းပြိုကာကွယ်ရေးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ငယ်၊ ချောင်းငယ်တစ်ခုဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့ အမှတ်(၂)မြောင်းမှ ထမ္မနိုင်ကျေးရွာထိ မြောင်းသည် တိမ်ကောနေပါသဖြင့် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကော့မှူးမြို့နယ် အမှတ် (၂) မြောင်းကူးတံတားမှ ထမ္မနိုင်ကျေးရွာအထိ အလျားပေ ၁၅၈၀၀ ခန့်အား ပြန်လည်နုန်းဆယ်တူးဖော်ပေးခြင်းဖြင့် ကော့မှူး-ဝါးဘလောက်သောက်ကားလမ်းမကြီး ဝဲ/ယာရှိ လယ်မြေ ဧက ၆၅၀ အား မိုးရာသီရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ပြီး နွေစပါးရာသီတွင် ရေချိုပိုမိုသွင်းယူ၍ နွေစပါး ၄၄၉ ဧက တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကော့မှူးမြို့ အမှတ်(၂)မြောင်းမှ ထမ္မနိုင်ကျေးရွာထိမြောင်းအား ပြန်လည်နုန်းဆယ်တူးဖော်နိုင်ရေးအတွက် လိုအပ်သောရန်ပုံငွေအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း၏ **သနပ်ပင်မြို့နယ်၊ မင်းရွာကျောင်းစု ကျေးရွာအုပ်စုရှိ ကြာဖြူရိုးတိမ်ကောနေမှုအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သနပ်ပင်မြို့နယ် ကြာဖြူရိုးချောင်းသည် အလျား ၃ ဒသမ ၅ မိုင်ခန့် ရှည်လျား၍ တောင်သူများအတွက် အရေးပါသည့် ရိုးချောင်းတစ်ခုဖြစ်ပါကြောင်း။

ကြာဖြူရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော်လည်း တူးဖော်ခဲ့သည့်ကာလမှာ ကြာမြင့်ပြီဖြစ်ခြင်း၊ ချောင်းတစ်လျှောက် သဲနုန်းပို့ချမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တိမ်ကောလျက်ရှိသဖြင့် ကြာဖြူရိုးချောင်းအား ပြန်လည်တူးဖော်ရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကြာဖြူရိုးချောင်း တူးဖော်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ်ရှိ ရေငန်တား ရေတံခါးများပျက်စီးနေမှုနှင့် ဆည်မြောင်းရေတံခါး လုံခြုံရေးတို့အတွက် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီတိုင်းဒေသကြီး ငပုတောဒေသသည် ပင်လယ်နှင့်ဆက်စပ်နေသဖြင့် ရေငန်ဝင်ရောက်သောဒေသဖြစ်ပြီး မိုးစပါးစိုက်ပျိုးမှုအောင်မြင်စေရန်အတွက် အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာ၊ မကျီးပင် - မဒေါ့ကန်တာနှင့် သစ်ပုတ်ထိပ် ရေငန်တားတာတို့ကို တည်ဆောက်ထားပါကြောင်း၊ အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာတွင် စုစုပေါင်းရေတံခါး ၁၃ လုံးမှ စိုက်ပျိုးမြေ ဧက ၂၈၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါကြောင်း။

ယခုအခါ ကျွန်းပတ်တာများရှိရေတံခါးအဆောက်အအုံများ၏ ရေတံခါးရွက်များမှာ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းခြင်း၊ ရေလုံသားရေပြားများ ယိုယွင်းပျက်စီး၍ ရေစိမ့်ထွက်ခြင်း၊ ဂီယာအုံများ ပျက်စီးယိုယွင်းခြင်းတို့ဖြစ်ပေါ်နေ၍ ပြုပြင်ရန်လိုအပ်လျက်ရှိသည့် အခြေအနေဖြစ်ပါကြောင်း။

ရေတံခါး ၁၃ လုံးအနက်မှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အလယ်ကျွန်း ၁ တာရှိ ရေတံခါး ၁ လုံးကို တိုင်းဒေသကြီးရန်ပုံငွေဖြင့်လည်းကောင်း၊ အလယ်ကျွန်း ၃ တာရှိ ရေတံခါး ၂ လုံးကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ပြုပြင်ရန်ကျန်ရှိသော ရေတံခါး ၁၀ လုံးကို နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဦးစားပေးအလိုက် ပြည်ထောင်စုရန်ပုံငွေ / တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ရေတံခါးများအဖွင့်အပိတ်လွယ်ကူစေရန် ဆေးသုတ်ခြင်း၊ ဆီထိုးခြင်း၊ ရေတံခါး အဝင်/ အထွက်မြောင်းများတွင် အမှိုက်များ၊ မြက်ပင်၊ ချုံပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်- ဝင်းကဒက်ချောင်း ၁၇/၄ မိုင် ပြန်လည်တူးဖော်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဝေါမြို့နယ် ထိန်တပင် - ဝင်းကဒက်ချောင်းသည် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သော အလျား ၁၇ မိုင် ၄ ဖာလုံ ရှည်လျားသည့် ချောင်းတစ်ခုဖြစ်ပါကြောင်း၊ ထိန်တပင်-ဝင်းကဒက်ချောင်း တိမ်ကောနေ၍ ကျေးရွာအုပ်စု ၇ အုပ်စုရှိ လယ်မြေ ဧက ၉၅၀၀ ခန့် ရေကြီးနစ်မြုပ်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ စိုက်ဧကလျော့နည်းခြင်းများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ချောင်းတူးဖော်ခြင်းနှင့် ရေငန်တားရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်-ဝင်းကဒက်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက်လည်း အသေးစိတ်စူးစမ်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဆက်လက်လျာထားစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာ အောင်ကြီး၏ **ရေထွက်ပစ္စည်းများ တိုးချဲ့မွေးမြူမည့်စီမံချက်၊ တန်ဖိုးမြှင့်ပစ္စည်း(Value Added) ပြုလုပ်မည့်အစီအစဉ်နှင့် ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်း ထုတ်လုပ်မှုလျာထားချက်၊ ငါးနှစ်တစ်ကြိမ် ထုတ်လုပ်မှုအစီအမံစသည်တို့အား မည်သို့တိုးချဲ့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက မြန်မာနိုင်ငံ၏ ရေသတ္တဝါ ငါးမွေးမြူရေးလုပ်ငန်းအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျစီမံကြီးကြပ်ကွပ်ကဲခြင်း၊ ငါးသားပေါက် လိုအပ်ချက်များအပေါ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝငါးသယံဇာတများ ပေါများစေရေးအတွက် ငါးမျိုးစိုက်ထည့်ပေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထုတ်လုပ်မှု

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

တိုးတက်စေရေးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဈေးကွက်အသစ်များရှာဖွေခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ခြင်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများကို အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်ခြင်း၊ စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်လျက်ရှိသည့် စက်ရုံ ၁၁ ရုံရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန် ၁၃ မျိုးအား နိုင်ငံတကာဈေးကွက်သို့ ထုတ်လုပ်တင်ပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ တန်ဖိုးမြှင့်ထုတ်ကုန်များ အပါအဝင် ရေထွက်ကုန်ပစ္စည်းများအား အီးယူနိုင်ငံများ၊ ပင်လယ်ကွေ့ဒေသနိုင်ငံများ၊ တရုတ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မည့် ဇရိယာများအတွက် လိုအပ်သည့်သွင်းအားစုများ ရရှိနိုင်ရေးအတွက် ဒေသအတွင်းမှာရရှိနိုင်သည့် အစာကုန်ကြမ်းများ အသုံးပြုမွေးမြူထုတ်လုပ်နိုင်ရေး နည်းပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများ ရရှိနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ မွေးမြူရေးမြေနေရာ လိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ငါး၊ ပုစွန်မွေးကန်များ တိုးချဲ့မွေးမြူနိုင်ခြင်းဖြင့် ဒေသတွင်း ငါးရိက္ခာဖူလုံစေမည့်အပြင် ပြည်ပသို့ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်(အခွန်ထမ်း) ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်းတင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာအသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို"** ကိုတင်သွင်းရာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ)နေရှိုင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင် ကြည့်ရှုရန် -



## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းနှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမအတွင်း မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား သွေးအမျိုးအစား စစ်ဆေးဆောင်ရွက်ပေးနေမှု၊ မြို့နယ်အဆင့် ငါးဦး ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာစိစစ်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကတ် ကောက်ယူဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်သည်။

ထို့နောက် လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး (One Stop Service) ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင်ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအား စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများအား အာဟာရမုန့်များ ဝေငှပေးကြသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ဝန်ကြီးဌာနအနေဖြင့် အသက်(၁၈)နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူများ၊ ပျောက်ဆုံး/ ပျက်စီးသူများအား သက်ဆိုင်ရာ မြို့နယ်ရုံးများ၌လည်းကောင်း၊ အသက်(၁၀)နှစ် ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာကျောင်းများသို့ ကွင်းဆင်း၍လည်းကောင်း လမင်းစီမံချက်ဖြင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကင်းထောက်ကြီးများနှင့် တွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကင်းထောက်ကြီးများနှင့်တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်အမျိုးသား/ အမျိုးသမီးကြီးများ၊ လူငယ်ရေးရာဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ကင်းထောက်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



စာပေမြင့်မှ
လူမျိုးတင့်မည်

## ညောင်လေးပင်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ညောင်လေးပင် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အထက(တော်ဝိ)ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ခင်ယုယုတင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းတို့က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အောင်မြင်မှု၊ ကျန်းမာခြင်းသည်လာဘ်တစ်ပါး၊ ပိဿာချိန်နှင့်ရောင်းစားခံရသော စာအုပ်များ၊ လူငယ်များ၏အနာဂတ်အိပ်မက်နှင့်ပန်းတိုင်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူး စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန၌ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ဦးစီးမှူးများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ မှာကြားသည်။



**ကြည့်ရှုအားပေး**

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ဒုတိယဝန်ကြီးသည် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် မော်ကွန်းရုပ်ရှင်ရုံးတို့၌ ဖွင့်လှစ်လျက်ရှိသော မြန်မာ့ရုပ်ရှင်သရုပ်ဆောင်မြှင့်တင်ရေးသင်တန်းနှင့် ရုပ်ရှင်ဓာတ်ပုံသင်တန်းတို့အား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်

# မြန်မာ့အနာဂတ်အတွက် အရေးပါလှတဲ့ လူဦးရေအချက်အလက်

**ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်မြောက်ခဲ့သည့် ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကမ္ဘာ့လူဦးရေနေ့သည် ကမ္ဘာ့နိုင်ငံအသီးသီး၌ လူဦးရေနှင့်ပတ်သက်သည့် ပြဿနာများကို အရေးတကြီး ဖြေရှင်းနိုင်ရေးနှင့် နိုင်ငံဘက်စုံဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အစီအစဉ်များကို လူသားအားလုံး အလေးဂရုပြု အာရုံစိုက်မိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။**

မောင်မုဒိတာ

နှစ်စဉ် အဆိုပါနေ့ရက်ရောက်ရှိတိုင်း ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၂၆ ခုနှစ်ဆိုလျှင် (၃၇) ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့အဖြစ် နှစ်စဉ်ကျင်းပသည့် အခမ်းအနားများကိုလည်း နိုင်ငံအလိုက် လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအခက်အခဲ၊ ဖြစ်ပွားသည့် ပြဿနာအကြောင်းအရာများအပေါ် အခြေခံ၍ ဖြေရှင်းဆောင်ရွက်နိုင်မည့်၊ ဖြေရှင်းဆောင်ရွက်သင့်သည့် နည်းပေးလမ်းပြ အချက်အလက်များကို ထင်ရှားပေါ်လွင်အောင် မီးမောင်းထိုးပြလိုသည့် အချက်များကို ဆောင်ပုဒ်များအဖြစ် သတ်မှတ်ဖော်ပြ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေကို လမ်းကြောင်းဖော်၊ မီးမောင်းထိုးပြသသည့်အနေဖြင့် **“လူဦးရေအချက်အလက်များကို အခြေခံလို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့”** ဟူသည့် ဆောင်ပုဒ်ကို ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်အဖြစ် ဖော်ထုတ်သတ်မှတ်ထားသည်။

ယခုဆောင်ပုဒ်သည် နိုင်ငံတစ်ဝန်း ပြည်သူအားလုံးပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ ကောက်ယူဆောင်ရွက်နိုင်ခဲ့သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ဖော်ထုတ်ရရှိသည့် မြန်မာနိုင်ငံ၏ လူဦးရေအခြေအနေ၊ လူနေမှုဘဝဆိုင်ရာ အချက်အလက်များကို အခြေခံဖော်ထုတ်အသုံးပြုကာ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက် ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ဖို့ တွန်းအားပေးနှိုးဆော်အသိပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သန်းခေါင်စာရင်းဆိုင်ရာ လူဦးရေအချက်အလက်များသည် မြန်မာ့အနာဂတ်အတွက် မရှိမဖြစ် အဓိကကျ အရေးပါလှကြောင်း ထင်ထင်ရှားရှား အလင်းပြပေးလိုက်ခြင်းပင်။

သန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အဓိက အခြေခံအသုံးပြုရ




သည့် ကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏကြီးမားမှု၊ ငွေကြေးအကုန်အကျများပြားမှုများကြားကပင် ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူကြသည်။

အဓိကမှာ နိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံအသုံးပြုမည့် လူဦးရေ၊ ကိန်းဂဏန်းအချက်အလက်များ မှန်မှန်ကန်ကန် ရရှိရေးအတွက်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအနည်းစုပင် ငါးနှစ်လျှင် တစ်ကြိမ် မဖြစ်မနေကောက်ယူကြသည်။ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၂၄ ခုနှစ်တို့တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ခဲ့သည်။ ယင်းကဲ့သို့ ကောက်ယူနိုင်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံ၏လူဦးရေ ပြောင်းလဲမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို နှစ်အလိုက် ချိန်ထိုးဆန်းစစ် လေ့လာသုံးသပ်မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ခဲ့ပြီး ယင်းအချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့လူဦးရေသည် ၁၉၈၇ ခုနှစ်တွင် သန်းငါးထောင်ပြည့်မြောက်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် လူဦးရေ သန်းရှစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် ကမ္ဘာ့လူဦးရေဆိုင်ရာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့အစည်းအသီးသီးက ၎င်းတို့နိုင်ငံ၏ အရွယ်အစား၊ နေထိုင်သည့်လူဦးရေ၊ ဒေသအလိုက် လူဦးရေအစိတ်အကျဲ၊ ထွက်ရှိသည့် သယံဇာတအရင်းအမြစ် စသည်တို့အပေါ် သုံးသပ်ကာ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နိုင်ငံတော်လုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်သောစီမံချက်များဖြင့် ရေးဆွဲပုံဖော်ကြသည်။ ယင်းစီမံချက်များ တိကျမှန်ကန်စွာရေးဆွဲချမှတ်နိုင်ဖို့က မှန်ကန်သည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို မဖြစ်မနေ အုတ်မြစ်အဖြစ် အခြေခံအသုံးပြုဆောင်ရွက်ကြရသည်သာ ဖြစ်သည်။

> **“ သန်းခေါင်စာရင်းအချက်အလက်များသည် လက်ရှိနိုင်ငံတော်အစိုးရအတွက်သာမက အနာဂတ်အစိုးရအဆက်ဆက်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုကြရမည့်တန်ဖိုးရှိသည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်သည်။ ယင်းအချက်အလက်များကို နိုင်ငံတော်အစိုးရအတွက်သာမက စာရင်းအင်းဆိုင်ရာ အချက်အလက်အသုံးပြုသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ ယုံယုံကြည်ကြည် မှီငြမ်းအားကိုး၍ ထိထိရောက်ရောက် အသုံးပြုကြရမည့်အချက်အလက်များဖြစ် ”**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၁) (MICC–I) ၌ ကျင်းပခဲ့ရာတွင် ယခင်နိုင်ငံတော် ယာယီသမ္မတ၊ ယခု နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းမြွက်ကြားရာမှာ **“ယုံကြည်အားထားရတဲ့ အချက်အလက်မရှိတဲ့နိုင်ငံဟာ သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေတဲ့ ကပ္ပတိန်နဲ့ အလားသဏ္ဌာန်တူနေတယ်လို့ဆိုပါတယ်။ သန်းခေါင်စာရင်းက ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေတဲ့ သံလိုက်အိမ်မြှောင်လို့ တင်စားလိုပါတယ်။ ဒါ့အပြင် သန်းခေါင်စာရင်းဆိုတာက နိုင်ငံရဲ့အုပ်ချုပ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲသူတွေ၊ မူဝါဒချမှတ်သူတွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ ပညာရေးမျှော်မှန်းချက်တွေ ဖော်ဆောင်ဖို့၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတွေ မြှင့်တင်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖို့၊ လူမှုကူညီဆောင်ရွက်နိုင်ရေးလုပ်ငန်းတွေ ချဲ့ထွင်ဖို့ စတဲ့ လုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ သန်းခေါင်စာရင်းအချက်အလက်တွေက များစွာ အထောက်အကူပြုပါတယ်။ ယုံကြည်အားထားရတဲ့ စာရင်းဇယားအချက်အလက်များဟာ နိုင်ငံရဲ့ အသက်သွေးကြောလို့ ဆိုနိုင်ပါတယ်”** ဟု သန်းခေါင်စာရင်းအချက်အလက်များ၏ အရေးပါမှုကို ဖော်ညွှန်းကာ ထည့်သွင်းမြွက်ကြားခဲ့ပါသည်။

ယခုဆိုလျှင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းမှ ရရှိသည့်အချက်အလက်များကို အခြေခံပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ရှေ့ပြေးလူဦးရေစာရင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် ပင်မအစီရင်ခံစာဟုခေါ်သည့် ပြည်ထောင်စုအစီရင်ခံစာနှင့် အနှစ်ချုပ်အစီရင်ခံစာ၊ ၂၀၂၆ ခုနှစ် မေလအတွင်းမှာ နေပြည်တော်၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီစသည့် တိုင်းဒေသကြီး ၄ ခု၏ အစီရင်ခံစာများကို တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ကျန်တိုင်းဒေသကြီး/ပြည်နယ်များ၏ အစီရင်ခံစာများကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနကကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများသည် ယင်းတိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် လူဦးရေနှင့် လူနေမှုဘဝနေထိုင်မှုပုံစံများနှင့်ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်ဖော်ပြထားသည့်အတွက် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေမည့် လိုအပ်ချက်များကို သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် ဖိဖိစီးစီး ထိရောက်စွာ အလေးပေးအသုံးပြုဆောင်ရွက်နိုင်ရန် အထောက်အကူပြု ပံ့ပိုးပေးလျက်ရှိနေသည်။

သန်းခေါင်စာရင်း အချက်အလက်များသည် လက်ရှိနိုင်ငံတော်အစိုးရအတွက်သာမက အနာဂတ်အစိုးရအဆက်ဆက်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုကြရမည့် တန်ဖိုးရှိသည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်သည်။ ယင်းအချက်အလက်များကို နိုင်ငံတော်အစိုးရအတွက်သာမက စာရင်းအင်းဆိုင်ရာ အချက်အလက်အသုံးပြုသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ ယုံယုံကြည်ကြည် မှီငြမ်းအားကိုး၍ ထိထိရောက်ရောက် အသုံးပြုကြရမည့်အချက်အလက်များ ဖြစ်သည်။

သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာ အချက်အလက်များအပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မွေးဖွားမှုနှင့် သေဆုံးမှု၊ မိသားစု စုဖွဲ့မှုနှင့် ရွှေ့ပြောင်းသွားလာမှု၊ အိမ်ရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအခြေအနေ စသည်တို့ပါ အသေးစိတ်ဖော်ပြသည့်အတွက် ယင်းအချက်အလက်များကိုသုံးသပ်ကာ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ ဈေးကွက်ဖော်ဆောင်မှု၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်မှု စသည့်အခြေအနေအရပ်ရပ်ကို သုံးသပ်ဖော်ထုတ်ကာ နယ်မြေဒေသအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် ပုံဖော်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။

လက်ရှိနိုင်ငံတော်အစိုးရသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ဖြင့် ပြည်သူများ၏ ဆန္ဒမဲပေးရွေးချယ်မှု၊ ခန့်အပ်တာဝန်ပေးတင်မြှောက်မှုများဖြင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီအစိုးရဖြစ်သည်။ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်နေသည့် အစိုးရဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ရက်(၁၀၀)ကာလအတွင်း ပြည်သူ့အတွက် လက်ငင်းဦးစားပေးအကျိုးရှိစေမည့် လုပ်ငန်းများကို ဝန်ကြီးဌာနအလိုက် ထိထိရောက်ရောက် ဖော်ဆောင်ပေးနေချိန်လည်း ဖြစ်ပါသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက်က သန်းခေါင်စာရင်းကောက်ယူခြင်းမှ ဖော်ထုတ်ရရှိသည့် တိကျမှန်ကန်သည့် လူဦးရေကိန်းဂဏန်းအချက်အလက်များကို အခြေခံကာ လိုအပ်သည့် စီမံကိန်းများ၊ မူဝါဒများရေးဆွဲချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။အသက်အရွယ်၊ ကျား၊မ အလိုက် လူဦးရေ၊ နေထိုင်မှုအစိတ်အကျဲနှင့် နေထိုင်မှုပုံစံ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်သားအင်အား၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဒေသအလိုက်လက်လှမ်းမီနိုင်မှု စသည့်လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ အချက်အလက်အပြည့်အစုံကို တိတိကျကျပံ့ပိုးပေးနိုင်သည့်အတွက် ယင်းအချက်အလက်များကို မှန်ကန်ထိရောက်စွာ အသုံးပြုဖော်ထုတ်ကာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်များကို

*စာမျက်နှာ ၇ သို့*

# လွိုင်ကော်မြို့အား စိမ်းလန်းသန့်ရှင်းသောမြို့ ဖြစ်လာစေရေး ပန်းအလှပင်များ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်

**လွိုင်ကော် ဇူလိုင် ၈**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအံ့မော်သည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်စိုက်ပျိုးရေး သုတေသနခြံ၌ ရေဆင်း-၁ ပေါ်ဆန်းစပါးမျိုး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပိုက်ဆံလျှော် အပါအဝင် ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုပြီး အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သည့် မျိုးသစ်များ စဉ်ဆက်မပြတ် ဖော်ထုတ်ရန်၊ ဖြန့်ဖြူးရန်နှင့် တောင်သူများအတွက် စံပြစိုက်ခင်းဖြစ်စေရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကန္တရဝတီလမ်းပေါ်ရှိ ပန်းခြံအမှတ်(၁)၊ ကန္တရဝတီလမ်းနှင့် ခရေလမ်းထောင့်ရှိ ပန်းခြံအမှတ်(၂)၊ ကန္တရဝတီလမ်းနှင့် နွယ်နီ-၁ လမ်းထောင့်ရှိ ပန်းခြံအမှတ်(၃) တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်မြို့တော်အား သန့်ရှင်းသောမြို့၊ စိမ်းလန်းသောမြို့ဖြစ်စေရေးအတွက် ပန်းအလှပင်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





# ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရေဘေးသဏ္ဍာန်တူလေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရေဘေးသဏ္ဍာန်တူ လေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ တောင်သမန်အင်းရေပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၁၁၆ ဦး၏ ရေပြင်မီးငြှိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရေဘေးသဏ္ဍာန်တူ လေ့ကျင့်ခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပညာရွှေအိုး လူမခိုး

ပညာရဲရင့် ပွဲလယ်တင့်

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ဘားအံ ဇူလိုင် ၈**

ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့နယ် အိန္ဒုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပွဲတော်ကို ဖွင့်လှစ်ပေးကြပြီး ပါဝင်အားဖြည့် ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲများ၊ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်၌ ကျောင်းသားကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*✻ ကျောဖုံးမှ*

အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အသေးစိတ်ချမှတ်ဆောင်ရွက်ကြမှသာ မှန်ကန်ပြည့်စုံသည့် စီမံကိန်းများအဖြစ် ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့တွင် ချမှတ်ခဲ့သည့် ဆောင်ပုဒ်သည် ယင်းကာလက လတ်တလောထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာပါ အချက်အလက်များကို အသုံးပြုပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းထားသည့် **“လူမှုစီးပွား ဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့”** ဆောင်ပုဒ်ဖြစ်သည်။ ဆောင်ပုဒ်နှင့်အညီလည်း သန်းခေါင်စာရင်းအချက်အလက်များကို ဘက်စုံကဏ္ဍစုံ၌ အသုံးပြုဆောင်ရွက်လျက်ရှိနေကြသည်။ ယခု ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကတော့ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာအပြင် လက်ရှိပြုစုထုတ်ပြန်လျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် အလိုက် သန်းခေါင်စာရင်း အစီရင်ခံစာများတွင် ဖော်ပြထားသည့် ကိန်းဂဏန်းအချက်အလက်များကိုပါ အသုံးပြု၍ လူဦးရေနှင့် လူနေမှုပုံစံများကို အချိန်နှင့်တစ်ပြေးညီ ဆန်းစစ်သုံးသပ်ပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သည့် စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ရေးဆွဲချမှတ်နိုင်ရန် တိကျမှန်ကန်သည့် လူဦးရေပြောင်းလဲမှုနှင့် လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို အုတ်မြစ်အဖြစ် အခြေခံအသုံးပြုကာ အနာဂတ်မြန်မာနိုင်ငံကို လှပစွာ ထုဆစ်ပုံဖော်ဖို့ တိုက်တွန်းထားသည့် **“လူဦးရေအချက်အလက်များကို အခြေခံလို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့”** ဆိုသည့် ဆောင်ပုဒ်ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သည် ပြောင်းလဲဖြစ်တည်နေသည့် မြန်မာ့လူဦးရေအခြေအနေများကြောင့် ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် မည်သို့မည်ပုံပြောင်းလဲပုံဖော်ကာ မြန်မာ့အနာဂတ် လှပဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာစီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ရေး လမ်းညွှန်ပြသအသိပေးချက်တစ်ရပ်ဖြစ်သည်။

ယင်းဆောင်ပုဒ်သည် အစိုးရတစ်ရပ်အတွက်သာမဟုတ်၊ နိုင်ငံတော်အစိုးရအပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အချက်အလက်အသုံးပြုသူများ အားလုံးအတွက် တွန်းအားတစ်ရပ်အဖြစ် နှိုးဆော်ခြင်းဖြစ်သည်။ ဤတွန်းအားနှင့်အညီ ယုံကြည်အားထားကာ ထိထိရောက်ရောက်၊ မိမိရရ ဆုပ်ကိုင်ဆောင်ရွက်ကြဖို့သာလိုသည်။ ယုံကြည်အားထားရသော သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံ၏အသက်သွေးကြောဟု တင်စားခေါ်ဆိုကြသည်။

ယင်းသို့ နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် နိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များကို လေ့လာသုံးသပ်ကာ နိုင်ငံ၏ရှေ့ခရီးတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် ထိထိရောက်ရောက် အသုံးပြု၍ မဟာဗျူဟာ စီမံချက်များရေးဆွဲချမှတ်ပြီး အေးချမ်းသာယာ ခေတ်မီ မြန်မာ့အနာဂတ်ဆီကို ဦးတည်ချီတက် ခရီးဆက်၍ ပုံဖော်ဖန်တီးတည်ဆောက်ကြရမည် ဖြစ်ပါကြောင်း မှဒိတာစိတ်ထားဖြင့် နှိုးဆော်ရင်း ကမ္ဘာ့လူဦးရေနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**“လူဦးရေအချက်အလက်များကို အခြေခံလို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့”**

**“Building Myanmar’s Developed Future Through Population Data”**

● *ကျောဖုံးမှ*

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမှတ် (၃)ဦးမောင်စိန်၏ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ရေဖြူ မြို့နယ်၊ ကံပေါက်ဒေသ၊ အုန်းပင်ကွင်းကျေးရွာအုပ်စု နှင့် သဲချောင်းကျေးရွာအုပ်စုအကြားရှိ အလျား ၂၅ပေ၊ အနံ ပေ ၂၀၊ အမြင့် (၁၀)ပေ ရှိသော ကျေးရွာချင်းဆက် တံတားမှာ ပြိုကျပျက်စီးလာပါသဖြင့် RC သံကူ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် **အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး က အဆိုပါတံတားသည် ရေဖြူမြို့နယ် ကံပေါက် ဒေသ သဲချောင်းကျေးရွာအုပ်စု သဲချောင်း-သပွတ် ချောင်းကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းပိုင်းတွင်ပါဝင်ပါကြောင်း၊ ယင်းလမ်းပိုင်းပေါ် တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုး ရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း ၃မိုင် ၂ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ တံတား နေရာသို့ ဌာနဆိုင်ရာဝန်ထမ်းများ သွားရောက်၍ အသေးစိတ် ကွင်းဆင်းစိစစ်ရန် လတ်တလော လုံခြုံ ရေးအခြေအနေအရ ခက်ခဲလျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါ RC သံကူကွန်ကရစ်တံတား ပြန်လည် တည်ဆောက်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေး အခြေအနေ ကောင်းမွန်မှသာ မြေပြင်ကွင်းဆင်း စိစစ်၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် နီးစပ်ရာ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးခဲချိန်၏ **စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ နမ္မတီး-တနိုင်း- ပန်ဆောင်(လီဒို)လမ်း၊ နန်းယွန်း-ပန်ဆောင်ကြားမှ နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် လမ်းပိုင်း(၁၇/၀) မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ် ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက နန်းယွန်း - ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်း ၁၉၅မိုင် ၁ ဖာလုံရှိသော [National Highway-အမှတ်(၄၉)] လမ်းတွင် ပါဝင်ပါကြောင်း၊ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီး ဌာနရန်ပုံငွေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၎င်းလမ်းပိုင်း သည် မြို့နယ်ချင်းဆက်လမ်းဖြစ်၍ ၂၀၁၆ ခုနှစ်တွင် မိုင်တိုင်အမှတ် (၀/၀)မှ (၁၂/၀)အထိ နှင့် မိုင်တိုင် အမှတ် (၂၉/၀)မှ (၃၅/၀)အထိ၊ စုစုပေါင်း ၁၈/၀ မိုင် အား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် မိုင်တိုင် အမှတ်(၁၂/၀)မှ (၂၉/၀)ထိ ၁၇/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းယွန်း-ပန်ဆောင် ၃၅/၀မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်းပိုင်းတွင် ပါဝင်ခြင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချိတ်ဆက်ဆောင် ရွက်မည့်လမ်းဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် တန်ချိန်များပြားသည့် ယာဉ်ကြီးများဖြတ်သန်းသွား လာမည်ဖြစ်၍ လမ်းပိုင်း၏ သတ်မှတ်ချက်အဆင့်နှင့် သင့်လျော်သည့် လမ်း/တံတားလုပ်ငန်းများ အဆင့် မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် ဆောက် လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူ ဆောင်ရွက်သင့် ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဆောက်လုပ် ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး သဘော တူညီပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါက်တာ နိုင်လင်း၏ **ကယားပြည်နယ်တွင် ကာလရှည်ကြာစွာ စစ်ဘေး ဒဏ်များ ခံစားခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေး အတွက် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်းများ ချမှတ် ရေးဆွဲပြီး အမြန်အကောင်အထည်ဖော်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် ခရီးသွားလုပ်ငန်း အပါ အဝင် အသေးစားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန် ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းစဉ် များကို ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အကြမ်း ဖက်ဖြစ်စဉ်များကြောင့် ကယားပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၄၉ သန်းကျော်အား ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေသို့ လွှဲပြောင်းပေးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် နေရပ်စွန့်ခွာသူများသို့ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှု ရန်ပုံငွေမှ ငွေကျပ် ၉၃၆ သန်းကျော်ကို ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ကယား ပြည်နယ် အစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကယား ပြည်နယ်စစ်ဘေးရှောင်များအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးနေအိမ်များအတွက် သတ်မှတ်ထောက်ပံ့ ကြေး၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်း များ စသည်တို့ကို ထောက်ပံ့ထားရှိမှုသည် စုစုပေါင်း ငွေကျပ် ၇၃၆ သန်းခန့်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ထိခိုက်လွယ်အုပ်စုဝင် ၆၅၉၂ ဦးတို့အား တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၁၉၇ ဒသမ ၇၆ သန်းထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့အတူ ကယားပြည်နယ် အစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ ရေးနှစ်တွင် ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၉၅၇ သန်း၊ ဆန်အိတ်၄၁၂အိတ်၊ဆီ ၄၃၆ ပိဿာကိုလည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆန်အိတ် ၇၄၀၊ ဆီ ၉၂၄ ပိဿာကိုလည်းကောင်း ထောက်ပံ့ခဲ့ပါကြောင်း။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိ စေရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အနေဖြင့် စားသောက် ကုန်ထုတ်လုပ်နည်းသင်တန်းများ၊ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ စက်ချုပ်နည်း ပညာသင်တန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဒေသတွင်း အသေးစားလုပ်ငန်းအဖြစ် ထူထောင်လိုပါက လုပ်ငန်းလိုင်စင်လျှောက်ထားပေးခြင်း၊ ထုတ်ကုန် များအား ဈေးကွက်ရရှိရေးနှင့် ဓာတ်ခွဲစစ်ဆေး ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပုဂ္ဂလိက စက်မှုလုပ်ငန်း ၂၇၉ ခုအား မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် မြို့တွင်းလည်ပတ် နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၇၇ ခု၊ လွိုင်ကော် စက်မှုဇုန်တွင် လည်ပတ်နေသည့်လုပ်ငန်း ၉ ခုတို့ တွင် ဒေသတွင်းလုပ်သားများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ပြန်လည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဟိုတယ်/တည်းခိုရိပ်သာ များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဟိုတယ် ၃ လုံးနှင့် စည်ပင်တည်းခိုခန်း ၇ လုံး ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသ ၁၂ ခု သို့ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေ ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသရှိလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ၂၀၂၆ခုနှစ် အောက်တိုဘာတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ (MSMEs) သင်တန်းနှင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာတွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း ၃ မျိုးကိုလည်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ ပါကြောင်း။

အခြားစီးပွားရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးကဏ္ဍများ၌ သမဝါယမအသင်း ၁၅ သင်း၊ တောင်သူ ၃၉၂ ဦးကို ငွေကျပ် သန်း ၃၁၀ ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက် ရန်အတွက် ငွေကျပ် ၃၆၉ ဒသမ ၅ သန်း၊ တောင်သူ အစုအဖွဲ့ ၁၆၉ ဖွဲ့၊ တောင်သူ ၁၄၅၁ ဦး၊ လယ်မြေ ၁၉၁၃၄ ဒသမ ၅ ဧကအတွက် ငွေကျပ် ၄၁၂၄ ဒသမ ၆၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါးမွေးမြူ ရေးကဏ္ဍအနေဖြင့်လည်း ငွေကျပ် ၃၀၁ သန်းနှင့် ကြက်၊ ဝက်နှင့် ဒေသန္တားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၂၂၆၀ ဒသမ ၄ သန်းကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း စိုက်ပျိုးရေးတောင်သူ ၅၇၇ ဦး၊ စိုက်ဧက ၅၅၈ ဒသမ ၇ ဧကအတွက် ချေးငွေကျပ် ၂၇၉၃ ဒသမ ၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထပ်မံထုတ်ချေး ပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသ၏ ပထဝီဝင် ရေမြေအနေအထား၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရရှိနိုင်သော ဒေသအရင်း အမြစ်များနှင့် နိုင်ငံ၏ လက်ရှိအနေအထားပေါ် မူတည်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ များက ကဏ္ဍအလိုက် ဦးစီးဦးဆောင်၍ စီမံကိန်း/ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း ဖြစ်ပါ သဖြင့် အဆိုပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် မဟာဗျူဟာ စီမံကိန်းများ ပူးပေါင်းရေးဆွဲဆောင်ရွက်မှု မရှိပါ ကြောင်း၊ သို့သော် အဆိုပါ စီမံကိန်း/စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းတာဝန် (Mandated) များအလိုက် လုပ်ထုံးလုပ်နည်းများနှင့် အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဒေသ တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) ဒေါ်သိင်္ဂီဝင်းရွှေ၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် နှင့် ကသာမြို့နယ်တွင် စစ်ဘေးဒဏ်ကြောင့် နေအိမ် များ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိမိတို့မြို့ပေါ်တွင် ပြန်လည် အခြေချနေထိုင်လျက်ရှိကြသော စစ်ဘေးရှောင် ပြည်သူများအား နိုင်ငံတော်အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် နေထိုင်မှုအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နယ်မြေအခြေအနေကြောင့် နေရပ်စွန့်ခွာနေထိုင်ရသူ များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထောက်ပံ့ပေးခဲ့ရာ ထီးချိုင့်မြို့နယ် နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ရှိနေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၁၈၃၃၆ ဒသမ ၄၈ သန်းထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည် နေထိုင်လျက်ရှိကြသူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲ၊ မိုးကာစနှင့် တာပေါ်လင်လိပ်များကိုလည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများ၊ နယ်မြေတည်ငြိမ်အေးချမ်းလာသဖြင့် ပြန်လည် နေထိုင်သူများ၊ ပျက်စီးနေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၆၅၃ သန်းကျော် ထောက်ပံ့ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကောလင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်များအတွင်းရှိ ယာယီ နေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက် ကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံ စသည့်အစား အစာရိက္ခာများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်းငွေကျပ် ၂၀၃၃ ဒသမ ၃၁ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အတွင်း ပြန်လည်ဝင်ရောက် နေထိုင်သူများအနေဖြင့် ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် ထောက်ပံ့မှု မကျန်ရှိ စေရေးတို့အတွက် ပြန်လည်ရောက်ရှိနေထိုင်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက စာရင်းများတင်ပြလာပါက ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သတ်မှတ်နှုန်းထား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိ အချိန်တွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေး မှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ပြည်သူ့ လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်၊ အပိုဒ်ခွဲ များအတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန်နှင့် အမျိုးသားလွှတ်တော်က ယခုတင်ပြချက်ဖြင့် ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် တင်ပြ ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် ပေးပို့လာသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက် ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲ သည့်အချက် ၃၀ ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကရင်ပြည်နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင် က အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကိုပြည်ထောင်စုလွှတ်တော် သို့ တင်ပြရန်ဆုံးဖြတ်ကြောင်းကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂)ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။**

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံက အခွန်စနစ်သည် ဝင်ငွေကောက်ခံရေး စနစ်တစ်ခုသာ မဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူအကြား ယုံကြည်မှုကို တည်ဆောက်ပေးသော ယန္တရားတစ်ခုလည်း ဖြစ်ပါကြောင်း၊ အခွန်စီမံခန့်ခွဲရေးကဏ္ဍအတွင်း အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးရုံသာမက ဥပဒေကိုလိုက်နာသော အခွန်ထမ်းများအပေါ် မမျှတမှုများ ဖြစ်ပေါ်စေပြီး ပြည်သူများ၏ အခွန်စနစ်အပေါ် ယုံကြည်မှုကိုလည်း လျော့နည်းစေပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်သတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများကို လွယ်ကူစွာမသိရှိရခြင်းသည် အဂတိဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ပါကြောင်း။

အခွန်တွက်ချက်မှုဆိုင်ရာ စံနှုန်းများ၊ နှုန်းထားများနှင့် တွက်ချက်ပုံများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးပြီး အခွန်ထမ်းတိုင်း မိမိအမှန် တကယ်ပေး ဆောင်ရမည့် အခွန်ပမာဏကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဒီဂျစ်တယ် ဝန်ဆောင်မှုများကို ကုမ္ပဏီများသာမက တစ်ဦးချင်း အခွန်ထမ်းများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများပါ အလွယ်တကူ အသုံးပြုနိုင်စေရန်အတွက် အသုံးပြုနည်းများကို ပိုမိုရိုးရှင်းအောင် ပြင်ဆင်သင့်ပါကြောင်း။

အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဒီဂျစ်တယ်နည်းပညာ အသုံးချနိုင်စွမ်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးသင့်သကဲ့သို့ အခွန်ထမ်းများအတွက်လည်း အခွန်ဥပဒေနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ အသုံးပြုနည်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းများအတွက် ယုံကြည်ရသော အခွန်စနစ်တစ်ရပ် ဖြစ်ပေါ်လာပါက နိုင်ငံတော်၏ အခွန်ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်းက အခွန်ကောက်ခံမှုစနစ်ကို ဒီဂျစ်တယ်စနစ်သို့ ရာနှုန်းပြည့် ပြောင်းလဲ (Digitalization & E-Tax System)ပါက ပြည်သူများ အခွန်ရုံးသို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်ဘဲ မိုဘိုင်းဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက် (Web Portal) မှတစ်ဆင့် အလွယ်တကူ အခွန်တွက်ချက်ခြင်းနှင့် ပေးဆောင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည့် Mobile Tax Application ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် ချိတ်ဆက် (E-Payment Integration)ပါက အခွန်ငွေများကို ငွေသား (Cash) ဖြင့် ကောက်ခံခြင်းထက် ဘဏ်စနစ် (Mobile Banking, iBanking, QR Code Payment) များဖြင့်သာ တိုက်ရိုက်ပေးဆောင်စေသည့်စနစ်ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းပြည်သူများ၏ အခွန်ငွေများသည် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ တိုက်ရိုက်၊ ချက်ချင်းနှင့် ရာနှုန်းပြည့်ရောက်ရှိစေမည်ဖြစ်ပါကြောင်း။

အခွန်နှုန်းထားနှင့် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင်လျှော့ချ(Simplification of Tax Code)ပါက သမားရိုးကျလုပ်ငန်းရှင်များနှင့် ပြည်သူများ နားမလည်နိုင်သည့် ရှုပ်ထွေးသော အခွန်တွက်ချက်မှုပုံသေနည်းများကို ရိုးရှင်းလွယ်ကူအောင် ပြင်ဆင်ပြီး အခွန်အမျိုးအစားများ တစ်နေရာတည်းတွင် တစ်ပါတည်းပေးဆောင်နိုင်မည့် One Stop Service (OSS) များကို မြို့နယ်အဆင့်အထိ ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် အခွန်ပေးဆောင်ခြင်းကို ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ဂုဏ်ယူစရာတာဝန်တစ်ခုအဖြစ် ခံယူလာနိုင်ပြီး အခွန်ရှောင်လိုစိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

စောင့်ကြည့်စစ်ဆေးရေးစနစ် ထူထောင်ရန် (Transparency & Feedback Mechanism)လိုအပ်ပါကြောင်း၊ ပြည်သူများ တိုက်ရိုက်တိုင်ကြားနိုင်မည့် အွန်လိုင်းအဂတိတိုင်ကြားမှုစနစ် (Online Complaint Portal) ထားရှိမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်က ပြည်သူများသည် နိုင်ငံတော်၏အခွန်ကို အပြည့်အဝပေးဆောင်ချင်ကြသော်လည်း လက်ရှိရှုပ်ထွေးနေသည့် အခွန်ထည့်သည့် စနစ်များကြောင့် နိုင်ငံတော်အခွန်များ နစ်နာထိခိုက်မှုများ ကြုံတွေ့နေရပါကြောင်း၊ ပြည်ထောင်စုအခွန်အကောက်စနစ်အား ခေတ်နှင့်လျော်ညီစွာ လွယ်ကူသည့် One Stop Service ဖြင့်ဆောင်ရွက်ပြုပြင်ပေးစေလိုပါကြောင်း၊ အစိုးရဝန်ထမ်းများ အဂတိတရားကင်းစင်မှသာ ဝန်ထမ်းကောင်းများ ဖြစ်လာပြီး အစိုးရကောင်းတစ်ရပ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါ်နော်ဖလောရင့်ဒယ်နီက အဂတိဆိုသည်မှာ အများပြည်သူ အကျိုးစီးပွားအတွက် အပ်နှံထားသော အာဏာ၊ ရာထူး(သို့မဟုတ်) လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းဖြစ်ပါကြောင်း၊ အဂတိတရားများပြားသော နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းနည်းပါးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ အဂတိတိုက်ဖျက်ရေးကို အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူရမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများကို လက်မခံသော ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်မှသာ သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် အဂတိနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို လုံခြုံစိတ်ချစွာ လက်ခံနိုင်သည့် စနစ်များ တည်ဆောက်ရန်လည်းလိုအပ်ပါကြောင်း၊ သတင်းပေးတိုင်ကြားသူများကို ဥပဒေအရအကာအကွယ်ပေးနိုင်မှသာ အဂတိများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးသည် စီးပွားရေးမူဝါဒကောင်းများ ချမှတ်ခြင်းကဲ့သို့ပင် အရေးကြီးသော ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ် ဖြစ်ပါကြောင်း၊ အဂတိတရားကို တိုက်ဖျက်ရာတွင် ပြစ်ဒဏ်ပေးခြင်းတစ်ရပ်တည်းဖြင့်မလုံလောက်ဘဲ ကာကွယ်တားဆီးရေးနှင့် အသိပညာပေးရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိတရားတိုက်ဖျက်ရေးသည် ဥပဒေစိုးမိုးရေးကိစ္စတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၁) ဒေါ်ဇင်ပပဦးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးသည် အဓိကကျသည့်အတွက် ပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည်ဖြစ်သကဲ့သို့ ရရှိသောအခွန်များကို အစိုးရအနေဖြင့် နိုင်ငံတော်အတွက် ပြန်လည်အသုံးပြုရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူများထံမှ အခွန်များ ကောက်ခံရာတွင် ယခင်က သတ်မှတ်ထားသော အခွန်နှုန်းထားများသည် ခေတ်ကာလနှင့် မညီညွတ်သည့်အတွက် ယနေ့ခေတ်ကာလနှင့် ကိုက်ညီသော အခွန်နှုန်းထားများသို့ ပြောင်းလဲ၍ ကောက်ခံသင့်ပါကြောင်း။

အခွန်တိမ်းရှောင်သူများကြောင့် ရသင့်ရထိုက်သည့် အခွန်များမရရှိဘဲ အဂတိကြောင့် နိုင်ငံတော်တွင် အခွန်ဝင်ငွေများ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း၊ အဂတိကင်းရှင်းအောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေ တိုးတက်လာမည်ဖြစ်သောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁)ဦးစိုးကြည်က မြန်မာနိုင်ငံတွင် အခွန်စနစ် ပိုမိုအားကောင်းလာစေရန်နှင့် အဂတိလိုက်စားမှုကို ထိရောက်စွာ လျှော့ချနိုင်ရေးသည် ရေရှည်တည်ဆောက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး အပြန်အလှန်ချိတ်ဆက်နေသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အခွန်ကောက်ခံမှု စနစ်တကျမရှိလျှင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေပိုများပြီး အဂတိများနေပါက နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ငွေများ ဆုံးရှုံးနေမည်ဖြစ်ပါကြောင်း။

နည်းပညာသုံး အခွန်စနစ်သို့ ပြောင်းလဲခြင်း (Digitalization) သည် လူနှင့်လူ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကို လျှော့ချခြင်းဖြင့် အဂတိတရားကို တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်လိုသူများအနေဖြင့် အခွန်ရုံးများကို ကိုယ်တိုင်သွားစရာမလိုဘဲ Onlineမှ ပွင့်လင်းမြင်သာစွာ တွက်ချက်၍ Electronic စနစ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်နှုန်းထားများနှင့် အခွန်ကင်းလွတ်ခွင့်များကို ရှုပ်ထွေးမှုမရှိစေဘဲ ရှင်းလင်းလွယ်ကူအောင် ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဝန်ထမ်းများက မိမိသဘောအတိုင်း ဆုံးဖြတ်နိုင်ခွင့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ကောက်ခံရရှိသော အခွန်ငွေကို မည်သည့်နေရာများတွင် ပြန်လည်အသုံးပြုနေသည်ကို ပြည်သူလူထုသိသာမြင်သာအောင် အစီရင်ခံစာထုတ်ပြန်ပေးခြင်းသည် ပြည်သူလူထုအား အခွန်ပေးဆောင်လိုစိတ်ကို မြှင့်တင်ပေးနိုင်ပြီး အစိုးရအပေါ်ယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၀ ရက်တွင်ကျင်းပမည့် ၁၅ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန်-**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့်အစီအစဉ်များအတွက် ပြည်ထောင်စုအဆင့်လုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် အစီအစဉ်များအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၁/၂၀၂၆ကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါးနှင့်နွေစပါး အစီအစဉ်၊ ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊ နေကြာ) အစီအစဉ်နှင့် ပြည်ပတင်ပို့မည့် ဆန်စပါး စိုက်ပျိုးရေးဇုန် (Rice Export Zone-REZ) အစီအစဉ်များအတွက် ငွေကျပ် ၃၇၂ ဒသမ ၃၆ ဘီလီယံ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးလေးခုတို့၌ ဆိုလာစနစ်အပါအဝင် ဆောင်ရွက်မည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၃၈၀ အတွက် ငွေကျပ် ၁ ဒသမ ၉၉၄ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍတွင် အရင်းမပျောက်မတည်ငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် နှစ်တို၊ နှစ်ရှည် မွေးမြူရေးလုပ်ငန်း အစီအစဉ်များကို ငွေကျပ် ၅၁ ဒသမ၂၁ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး ခြောက်ခုတွင် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) အလက်ရေ ၁ ဒသမ ၂၃ သိန်း ထုတ်လုပ်မှုအတွက် လိုအပ်မည့် ရန်ပုံငွေကျပ် ၃၀ ဒသမ ၂၄ ဘီလီယံကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

(၁၁၅) ကြားနှင့် တိုင်အမှတ် (၁၁၈)နှင့် (၁၁၉) ကြားတို့တွင် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး-သစ်ရာကောက် ဓာတ်အားလိုင်းကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်နေစဉ် မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရေိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# သန့်ရှင်းစိမ်းလန်းပြီး စမတ်ကျသော မြို့ပြစနစ်သို့ ကူးပြောင်းခြင်း

ဝေဖြိုးအောင်

မျက်မှောက်ခေတ်ကမ္ဘာလုံးဆိုင်ရာ မြို့ပြအသွင်ကူးပြောင်းမှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လူဦးရေထူထပ်လာခြင်းနှင့်အတူ မြို့ပြစီမံခန့်ခွဲရေးဆိုင်ရာ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်လာရပါသည်။

အထူးသဖြင့် ပြည်သူ့ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှု၊ အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် လုံခြုံရေးဆိုင်ရာပြဿနာများသည် ခေတ်သစ်မြို့ပြများ၏ အဓိကအတားအဆီးများဖြစ်လာပါသည်။ ဤပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် ရိုးရာစီမံခန့်ခွဲမှုပုံစံများမှသည် ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သော Clean၊ Green and Smart City မဟာဗျူဟာသို့ မဖြစ်မနေကူးပြောင်းကြရမည်ဖြစ်ပါသည်။ ဤဆောင်းပါးတွင် စည်ပင်သာယာရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ခေတ်မီနည်းပညာများ အချိုးကျကျပေါင်းစပ်ထားသည့် ဘက်စုံလွှမ်းခြုံသော မြို့ပြစီမံခန့်ခွဲမှုအယူအဆများကို အသေးစိတ် သုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။



ခေတ်မီမြို့ပြတွင် လျှပ်စစ်ကားအားသွင်းစခန်း။




စမတ်ကျသော မြို့ပြစီမံခန့်ခွဲမှုအတွက် ဒက်ရှ်ဘုတ်စနစ်။

### သန့်ရှင်းသောမြို့ပြနှင့် ပြည်သူ့ကျန်းမာရေး

သန့်ရှင်းသောမြို့ပြ (CleanCity) ဟူသည် ရောဂါဘယကင်းစင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြစ်ပါသည်။

(က) **အမှိုက်စီမံခန့်ခွဲမှု။** ခေတ်မီစီမံခန့်ခွဲမှုတွင် အမှိုက်ကို မူလရင်းမြစ်မှာပင် အမျိုးအစားခွဲခြားခြင်းက အရေးကြီးဆုံးဖြစ်ပါသည်။ ဆွေးမြည့်လွယ်သောအမှိုက်များ၊ ပလတ်စတစ်နှင့် ပြန်လည်အသုံးပြုနိုင်သောအမှိုက်များ၊ အန္တရာယ်ရှိသောဆေးရုံသုံးနှင့် စက်မှုသုံး အမှိုက်များကို စနစ်တကျခွဲခြားသိမ်းဆည်းရမည်။ ထို့ပြင် Circular Economy အယူအဆဖြစ်သည့် Reduce၊ Reuse၊ Recycle (3Rs) ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်ပညာပေးရန် လိုအပ်ပါသည်။ စွန့်ပစ်အမှိုက်များကို မြေဖို့ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော Sanitary Landfill စနစ်များကို အသုံးပြုရမည်ဖြစ်ပါသည်။




အမှိုက်များကိုအမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရန် အရောင်အသွေးစုံလင်သော အမှိုက်ပုံးများ။

(ခ) **အစားအသောက်ဘေးကင်းလုံခြုံမှု။** ပြည်သူ့ကျန်းမာရေးအတွက်အရေးကြီးဆုံးကဏ္ဍတစ်ခုမှာ အစားအသောက်ဘေးကင်းရေးဖြစ်ပါသည်။ စည်ပင်သာယာဈေးများ၊ လမ်းဘေးစားသောက်ဆိုင်များနှင့် ကုန်စုံဆိုင်များတွင် သန့်ရှင်းရေး စံချိန်စံညွှန်းများနှင့်အညီ ရောင်းချစေရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ရပါမည်။ မသန့်ရှင်းသော အစားအသောက်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်နိုင်ရန်အတွက် စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများကို ပညာပေးခြင်းနှင့် စည်းကမ်းကြပ်မတ်ခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။

(ဂ) **ရေဆိုးနှင့်မိလ္လာစီမံခန့်ခွဲမှု။** သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေးသည် မြို့ပြကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ခေတ်မီရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်ခြင်းဖြင့် မြစ်ချောင်းများအတွင်းသို့ ညစ်ညမ်းရေများစီးဝင်မှုကို တားဆီးနိုင်မည်ဖြစ်ပါသည်။

### စိမ်းလန်းသော မြို့ပြနှင့် သဘာဝဂေဟစနစ်

စိမ်းလန်းသောမြို့ပြဟူသည် အဆောက်အအုံများနှင့် ကွန်ကရစ်လမ်းများကြားတွင် သဘာဝတရားကို ပြန်လည်ရှင်သန်စေခြင်းဖြစ်ပါသည်။

(က) **မြို့ပြသစ်တောနှင့်ပန်းခြံများ။** မြို့ပြ၏ အပူချိန်လွန်ကဲမှုကို လျှော့ချရန်အတွက် လမ်းဘေးဝဲယာများ၊ အများပြည်သူအပန်းဖြေရာနေရာများတွင် အရိပ်ရသစ်ပင်များ၊ ရာသီအလိုက်ဖူးပွင့်သော ပန်းအလှပင်များကို စနစ်တကျစိုက်ပျိုးသင့်ပါသည်။ ဤသို့ စိမ်းလန်းစိုပြည်အောင် ဖန်တီးခြင်းသည် မြို့ပြ အလှအပကို တိုးပွားစေရုံသာမက ပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုလည်း များစွာအထောက်အကူပြုပါသည်။ နံနက်ခင်းလမ်းလျှောက်ခြင်း၊ ပြေးခြင်းစသည့်ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် လုံခြုံချောမွေ့သော လူသွားလမ်းများကိုလည်း ဖန်တီးပေးရပါမည်။

(ခ) **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်။** စွမ်းအင်သုံးစွဲမှု လျှော့ချရန်နှင့် ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရန် နေရောင်ခြည်စွမ်းအင်သုံး လမ်းမီးတိုင်များတပ်ဆင်ခြင်း၊ အစိုးရနှင့်အများပြည်သူသုံး အဆောက်အအုံများတွင် Energy-efficient ဖြစ်သော ဒီဇိုင်းများအသုံးပြုခြင်းတို့ကို ဆောင်ရွက်ရပါမည်။ လျှပ်စစ်မော်တော်ယာဉ် (EV) အားသွင်းစခန်းများ တည်ဆောက်ခြင်းဖြင့် သန့်ရှင်းသော သယ်ယူပို့ဆောင်ရေးကို အားပေးရပါမည်။

(ဂ) **လေထုအရည်အသွေး။** မြို့ပြလေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်အတွက် လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုမှုကို အားပေးမြှင့်တင်ခြင်း၊ စက်မှုဇုန်များမှထွက်ရှိသော အခိုးအငွေ့များကို စစ်ဆေးကြပ်မတ်ခြင်းများ ပြုလုပ်ရပါမည်။

### စမတ်ကျသောမြို့ပြနှင့် ခေတ်မီနည်းပညာများ ပေါင်းစပ်ခြင်း

မြို့ပြစီမံခန့်ခွဲမှုတွင် Artificial Intelligence (AI)၊ Internet of Things (IoT) နှင့် Drone နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဝန်ဆောင်မှုများကို ပိုမိုမြန်ဆန်ထိရောက်စေပါသည်။

(က) **AI နှင့် စည်ပင်သာယာစီမံခန့်ခွဲမှု။** အမှိုက်ပုံးများတွင် Smart Sensors များတပ်ဆင်ထားခြင်းဖြင့် အမှိုက်ပြည့်သည့်အခါ သက်ဆိုင်ရာသို့ အလိုအလျောက်အချက်ပြနိုင်ပြီး အမှိုက်သိမ်းယာဉ်များ၏ လမ်းကြောင်းများကို AI ဖြင့် အကောင်းဆုံးတွက်ချက်ပြသပေးနိုင်ပါသည်။ ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း Smart Traffic Management System ဖြင့် ဖြေရှင်းနိုင်ပါသည်။ ဤနည်းပညာများသည် မြို့ပြဝန်ဆောင်မှုများကို ပိုမိုထိရောက်စေပြီး စီမံခန့်ခွဲမှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ပါသည်။

(ခ) **Drone နည်းပညာ အသုံးပြုခြင်း။** မြို့ပြစီမံခန့်ခွဲရေးတွင် Drone များသည် များစွာအသုံးဝင်ပါသည်။ ကျူးကျော်ဆောက်လုပ်မှုများကို စစ်ဆေးခြင်း၊ အမှိုက်များကို တရားမဝင်စွန့်ပစ်မှုများကို လေကြောင်းမှစောင့်ကြည့်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပုံရိပ်များရယူခြင်းတို့တွင် Drone နည်းပညာသည် အလွန်ထိရောက်သောကိရိယာတစ်ခုဖြစ်ပါသည်။ ခြင်နှင့်ယင် နှိမ်နင်းရေးအတွက်လည်း Drone များကို အသုံးပြု၍ ဆေးဖျန်းခြင်းနှင့် စောင့်ကြည့်ခြင်းများ ပြုလုပ်နိုင်ပါသည်။

(ဂ) **E-Governance နှင့် Data စီမံခန့်ခွဲမှု။** မြို့ပြနေပြည်သူများအတွက် အခွန်အခပေးဆောင်ခြင်း၊ လိုင်စင်များလျှောက်ထားခြင်း၊ တိုင်ကြားစာများပေးပို့ခြင်း စသည်တို့ကို Mobile Application များမှတစ်ဆင့် လွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက် E-Government စနစ်ကို အကောင်အထည်ဖော်ရပါမည်။ ထို့ပြင် စည်ပင်သာယာရေးဆိုင်ရာအချက်အလက်များကို လုံခြုံစိတ်ချရသော Cloud စနစ်များတွင် သိမ်းဆည်း၍ မူဝါဒရေးဆွဲရာတွင်အထောက်အထား အခြေပြုဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါသည်။

### ပြည်သူ့ကျန်းမာရေးနှင့် စည်ပင်သာယာရေးပေါင်းစပ်ခြင်း

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် မြို့ပြစီမံခန့်ခွဲမှုအမြင်တို့ကို ပေါင်းစပ်လိုက်သည့်အခါ One Health အယူအဆသည် အလွန်အရေးပါလာပါသည်။ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့၏ ကျန်းမာရေးသည် ခွဲခြား၍မရအောင် ဆက်စပ်နေပါသည်။



မြို့ပြအဆောက်အအုံများတွင် ဒေါင်လိုက်ဥယျာဉ်များ ဖန်တီးခြင်းဖြင့် စိမ်းလန်းစိုပြည်မှုကို တိုးမြှင့်ခြင်း။

သန့်ရှင်းရေးနှင့် ရေပေးဝေရေးစနစ်များ အားနည်းခြင်းသည် ကူးစက်ရောဂါများကိုဖြစ်ပေါ်စေပြီး ဆေးရုံဆေးခန်းများ၏ ဝန်ထုပ်ဝန်ပိုးကို ကြီးမားစေပါသည်။ သို့ဖြစ်ရာ စည်ပင်သာယာရေးလုပ်ငန်းများ (ဥပမာ- ခြင်နှိမ်နင်းရေး၊ ရေမြောင်းများရှင်းလင်းရေး၊ အစားအသောက်စစ်ဆေးရေး)သည် ရောဂါကာကွယ်ရေးအတွက် ရှေ့တန်းခံတပ်များပင်ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်ပြီး ကုန်ကျစရိတ်ကိုလည်း များစွာသက်သာစေပါသည်။ WHO နှင့် CDC တို့သည် One Health ချဉ်းကပ်မှုကို အလေးထားပြီး ရောဂါကာကွယ်ရေးအတွက် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။

### ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ညီညွတ်ရေး

မည်မျှပင် ကောင်းမွန်သောမူဝါဒများ၊ ခေတ်မီနည်းပညာများ ရှိစေကာမူ ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှုမရှိလျှင် မည်သည့်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမျှ အောင်မြင်နိုင်မည်မဟုတ်ပါ။

*စာမျက်နှာ ၁၁ သို့*


> “ Clean၊ Green and Smart City **တည်ဆောက်ရာတွင် အောက်ခြေမှစ၍ ပြည်သူများ၏ သဘောထားကိုရယူခြင်း၊ အသိပညာပေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့် မြို့ပြဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် တိုက်တွန်းခြင်းတို့သည် အလွန်အရေးကြီးပါသည်။ အမှိုက်စနစ်တကျစွန့်ပစ်ခြင်းမှအစပြု၍ မြို့ပြအင်္ဂါရပ်များနှင့်ညီညွတ်စွာ နေထိုင်တတ်သော မြို့ပြယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးရပါမည်** ”

# ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (µm)နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့် ကိရိယာ (Com-pact Air Quality Monitoring Station – AQM65)ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဇွန်လ အတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီး ဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇွန်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၅ ရက်၊ အသင့်အတင့်အဆင့်၌ ၅ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$) မှာ ကောင်းမွန်သောအဆင့်၌ ၂၇ ရက်နှင့် အသင့်အတင့်အဆင့်၌ ၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**





ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက်–လူတိုင်းကျန်းမာရေးပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

*စာမျက်နှာ ၁၀ မှ*

နိုင်ငံရေး၊ စီးပွားရေးသမိုင်းကြောင်းများကို ပြန်လည်လေ့လာကြည့်လျှင် စနစ်တစ်ခုကျရှုံးရခြင်း၏ အဓိကအကြောင်းရင်းများထဲတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားနည်းခြင်းနှင့် ညီညွတ်မှုမရှိခြင်းတို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် Clean၊ Green and Smart City တည်ဆောက်ရာတွင် အောက်ခြေမှစ၍ ပြည်သူများ၏ သဘောထားကိုရယူခြင်း၊ အသိပညာပေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့် မြို့ပြဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် တိုက်တွန်းခြင်းတို့သည် အလွန်အရေးကြီးပါသည်။ အမှိုက်စနစ်တကျစွန့်ပစ်ခြင်းမှအစပြု၍ မြို့ပြအင်္ဂါရပ်များနှင့်ညီညွတ်စွာ နေထိုင်တတ်သော မြို့ပြယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးရပါမည်။

အချုပ်အားဖြင့်ဆိုသော် Clean၊ Green and Smart City အယူအဆသည် အနာဂတ်မျိုးဆက်သစ်များအတွက် နေချင့်စဖွယ် မြို့ပြများ တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော လမ်းပြမြေပုံဖြစ်ပါသည်။ စည်ပင်သာယာရေးကော်မတီများ၊ ပြည်သူ့ကျန်းမာရေးဌာနများနှင့် နည်းပညာပညာရှင်များ၏ ဟန်ချက်ညီသောပေါင်းစပ်လုပ်ဆောင်မှု၊ ပြည်သူတစ်ရပ်လုံး၏ ညီညွတ်သောပူးပေါင်းပါဝင်မှုတို့ဖြင့် အကောင်အထည်ဖော်သွားမည်ဆိုပါက ကျွန်ုပ်တို့၏မြို့ပြများသည် သန့်ရှင်းသပ်ရပ်၍ သဘာဝတရားနှင့် သဟဇာတဖြစ်ကာ နည်းပညာဖြင့် ခေတ်မီတိုးတက်သော အဆင့်မြင့်မြို့ပြများအဖြစ် ရေရှည်တည်တံ့စွာ ရပ်တည်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**

၁။ The 3Rs as the Basis for Sustainable Waste Management – UNCRD.
၂။ Rethinking Urban Waste Management: Embracing the Circular Economy – Terranexus.
၃။ Landfill Alternative Daily Cover 101 – Finn Corporation.
၄။ Smart Cities 2.0: How IoT, Drones, and AI Are Rebuilding Urban Living. – Medium.
၅။ Electric Vehicle Connected To Charging Station in Modern City with a Blurred Futuristic Skyline during Twilight Hours Stock Illustration – Illustration of renewable, infrastructure: 381096152.
၆။ Smart City Drones: How Future Development of The Urban – Terra Drone.
၇။ Smart Cities and the Internet of Drones – ResearchGate.
၈။ How AI, IoT and drones are winning the mosquito war in Andhra Pradesh–FirstCheck.in.
၉။ Andhra Pradesh Launches AI Mosquito Surveillance System – Geospatial World.
၁၀။ Vector–borne diseases – WHO.
၁၁။ About One Health – CDC.
၁၂။ One Health – WHO.
၁၃။ Color Coded Trash Bins For Waste Segregation Described In Languages: Polish, English And German. Stock Photo, Picture and Royalty Free Image. Image 62648118.
၁၄။ Vertical Gardens in Skyscrapers—Future of Urban Living? – Thursd.
၁၅။ Electric Vehicle Connected To Charging Station in Modern City with a Blurred Futuristic Skyline during Twilight Hours Stock Illustration – Illustration of re–newable, infrastructure: 381096152.
၁၆။ Demonstration_AVEVA_UnifiedOperationsCenterforS–martCities.

## ပခုက္ကူမြို့နယ်၌ ကျောင်းအခြေပြုပဏာမမျက်စိကျန်းမာရေးစစ်ဆေး

**ပခုက္ကူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျောင်းအခြေပြုပဏာမမျက်စိကျန်းမာရေးစမ်းသပ်စစ်ဆေးမှုကို ယနေ့နံနက်က အမှတ်(၅)အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ရာ ပခုက္ကူခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၄၆၄ ဦးအား မျက်စိအမြင်အာရုံ ချို့ယွင်းမှု ရှိ မရှိ၊ အဝေးကြည့်မှုန်ခြင်းရှိမရှိ၊ အနီးကြည့်မှုန်ခြင်း ရှိ မရှိ အခြေအနေတို့ကို စမ်းသပ်စစ်ဆေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဘာမီသာ(ပခုက္ကူ)



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း






- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Dong Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီးဖြစ်ကာ ၎င်းတို့အနက်မှ ၁၃၈၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံ ဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ အလုံး ၇၀ ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၈**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် ခြောက်ထပ်အဆောက်အအုံတစ်လုံးကိုထပ်မံ၍စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ အနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း အလုံး ၇၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ခုနစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု နေရာပြမြေပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

# တွံတေးမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်

**တွံတေး ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ "ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့" အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ရန်ကုန်ပေါက်ကျေးရွာ၌ကျင်းပရာ ကျေးရွာကုန်ထုတ်ဂဝံလမ်း ဝဲ၊ယာ တစ်လျှောက်တွင် သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကျေးရွာသူ ကျေးရွာသားများက မန်ဂျန်ရှားအပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**မျိုးလှိုင်(တွံတေး)**

# လှိုင်ကော်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**လှိုင်ကော် ဇူလိုင် ၈**

ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်တွင် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရဲဝင်းက အမှာစကားပြောကြားသည်။ ကယားပြည်နယ် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ထုတ်ကုန်များအား အရည်အသွေးစစ်ဆေးခေတ်ခွဲစမ်းသပ်ပေးခြင်း၊ အသေးစားလုပ်ငန်းများ လုပ်ငန်း မှတ်ပုံတင်ပေးခြင်းနှင့် လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။



**မေစု(ပြန်/ဆက်)**

※ *ကျော်ဖုံးမှ*

ရှိကြောင်း ခရီးသည်များက မှတ်ချက်ပြုထားကြသည်။

ခရီးစဉ်တစ်လျှောက် သန့်ရှင်း၊ သပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက် မဖြစ်စေရန်နှင့် ရထားအတွင်း သန့်ရှင်းမှုကို ထိန်းသိမ်းရန် ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးပါရန်၊ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်း မပြုပါရန်၊အခြားခရီးသည်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရန် ထိုင်ခုံများကို စနစ်တကျ အသုံးပြုပေးပါရန်လည်းပါရှိသည်။

အလားတူ ဆူညံသံဖြင့် အနှောင့်အယှက် မဖြစ်စေရန် ဖုန်းပြောဆိုခြင်း၊ သီချင်းဖွင့်ခြင်းနှင့် စကားပြောဆိုခြင်းများကို အခြားသူများ မထိခိုက်စေရန် ထိန်းသိမ်းပေးပါရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ပေးပါရန် မြန်မာ့မီးရထားက အသိပေးထားသည်။

**MT**

## ဂျာမနီနှင့် အမေရိကန် ATACMS ဒုံးကျည်များ ပူးတွဲထုတ်လုပ်မည်



**အန်ကာရာ ဇူလိုင် ၈**

ဂျာမနီနှင့် အမေရိကန်ကာကွယ်ရေးဆိုင်ရာ ကုမ္ပဏီများသည် မြေပြင်မှ မြေပြင်ပစ် ATACMS ဒုံးကျည်များကို ဥရောပတွင် ပထမဆုံးအကြိမ် ပူးပေါင်းထုတ်လုပ်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ဂျာမနီကာကွယ်ရေးကုမ္ပဏီ ရိုင်းမက်တဲလ်နှင့် အမေရိကန်အာကာသနှင့် ကာကွယ်ရေးဆိုင်ရာ ကုမ္ပဏီ လော့ခ်ဟိဒ်မာတင်တို့သည် တူကီယဲနိုင်ငံတွင် ကျင်းပသည့် နေတိုးထိပ်သီးအစည်းအဝေးအတွင်း သီးခြားကျင်းပသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခမ်းအနားတစ်ခု၌ အဆိုပါအစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ATACMS ဒုံးကျည်များ ထုတ်လုပ်ပြီး ဖြန့်ဖြူးမည့်စင်တာတစ်ခုကို ဥရောပတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ဂျာမနီနိုင်ငံတွင် တည်ဆောက်မည့် အဆိုပါစင်တာမှာ အမေရိကန်ပြည်ထောင်စုပြင်ပတွင် ပဲ့ထိန်းဒုံးကျည်များ ထုတ်လုပ်မည့် ပထမဆုံးစင်တာ ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆီးရီးယားနှင့် ပြင်သစ် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များ လက်မှတ်ရေးထိုး

**ဒမတ်စကတ် ဇူလိုင် ၈**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် ဆီးရီးယားနိုင်ငံသို့ လာရောက်စဉ်အတွင်း ဆီးရီးယားနှင့် ပြင်သစ်နိုင်ငံ စီးပွားရေးပူးတွဲကော်မတီအစည်းအဝေးများ ကျင်းပခဲ့ပြီး အဓိကကဏ္ဍများတွင် လွှမ်းခြုံပါဝင်သည့် သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြောင်း ဆားနားသတင်းဌာနက ဇူလိုင် ၇ ရက်တွင် ဖော်ပြသည်။

ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဆီးရီးယားအစိုးရ ယာယီခေါင်းဆောင် အာမက် အယ်လ်-ရှာရာတို့ တက်ရောက်ခဲ့သည့် စီးပွားရေးဖိုရမ်အတွင်း အဆိုပါအစီအစဉ်များကို ကြေညာခဲ့သည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ အပူချိန်သတိပေးချက် ထုတ်ပြန်

**တိုကျို ဇူလိုင် ၈**

ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်များသည် ဇူလိုင် ၈ ရက်တွင် ၃၀ ဒီဂရီဆဲစီးယပ်စ်အထက် ရှိနေကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားသည်။ နိုင်ငံအနောက်ပိုင်းမှ မြောက်ပိုင်းအထိ မြင့်မားသည့် လေထုဖိအားများ လွှမ်းမိုးလျက်ရှိကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ဆိုသည်။

တိုကျို၊ အိုဂါဆာဝါရကျွန်းစု၊ ဖူကူအိုကာ၊ နာဂါဆာကီနှင့် ကူမာမိုတိုခရိုင်များအပြင် အိုကီနာဝါ အဓိကကျွန်းဒေသနှင့် အာမာမီဒေသတို့တွင် အပူဒဏ်သတိပေးချက်များ ထုတ်ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

## မာစီဒီး-ဘင့်ဇ် ပုံမှန်လူစီးကား ရောင်းအားကျဆင်းပြီး EV ကား ရောင်းအားမြင့်တက်

**ဖရန့်ဖွတ် ဇူလိုင် ၈**

ဂျာမနီ ဇိမ်ခံမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ မာစီဒီး-ဘင့်ဇ်က ၂၀၂၆ ခုနှစ် ဒုတိယသုံးလပတ်အတွင်း ပုံမှန်လူစီးကားရောင်းအားကျဆင်းခဲ့သော်လည်း လျှပ်စစ်ကား (EV) ရောင်းအားမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဥရောပဈေးကွက်တွင် လျှပ်စစ်ကားရောင်းအားသည် အစီးရေ ၄၃၅၀၀ ရှိကာ ၈၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဂျာမနီဈေးကွက်တွင်လည်း ရာနှုန်းပြည့်နီးပါး မြင့်တက်ခဲ့သည်။ **ဆင်ဟွာ**

■

## တရုတ်-လာအို ရထားလမ်းမှ ကုန်စည် တန် သန်း ၂၀ ကျော် သယ်ယူပို့ဆောင်

**ကူမင်း ဇူလိုင် ၈**

တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ရထားလမ်း စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်စည်တန်ချိန် သန်း ၂၀ ကျော် သယ်ယူပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း မီးရထားအာဏာပိုင်များက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၈ ရက် နံနက်ပိုင်းအထိ ကုန်စည်တန်ချိန် သန်း ၂၀ ကျော်ကို နယ်စပ်ဖြတ်ကျော် ပို့ဆောင်ခဲ့ပြီး နိုင်ငံဖြတ်ကျော် ကုန်စည်ရထားအစီးရေ ၂၃၀၀၀ ကျော် ပြေးဆွဲနိုင်ခဲ့ကြောင်း တရုတ်မီးရထား ကူမင်းအုပ်စု ကုမ္ပဏီလီမိတက်၏ ပြောကြားချက်အရ သိရသည်။ **ဆင်ဟွာ**

## အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဘာဗီ ဂျပန်သို့ ဝင်ရောက်နိုင်

**တိုကျို ဇူလိုင် ၈**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ အိုကီနာဝါစီရင်စုသို့ ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အတွင်း အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်နိုင်သဖြင့် ဒေသခံများ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်မှု ပြုလုပ်ထားကြရန် ဂျပန်မိုးလေဝသ အရာရှိများက တိုက်တွန်းထားသည်။

ဇူလိုင် ၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် တိုင်ဖွန်းမုန်တိုင်း ဘာဗီသည် ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက်ပင်လယ်ပြင်၌ ရှိနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကြောင်း၊ မကြာမီ အိုကီနာဝါစီရင်စုရှိ ဆာကီရှီမာကျွန်းစုများသို့ ဝင်ရောက်နိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

မုန်တိုင်းသည် ပုံမှန်လေတိုက်နှုန်း တစ်နာရီလျှင် ၁၈၀ ကီလိုမီတာ ခန့်ရှိပြီး အားအကောင်းဆုံးအချိန်တွင် တစ်နာရီလျှင် ၂၅၂ ကီလိုမီတာအထိ တိုက်ခတ်နိုင်သည့် အင်အားပြင်း မုန်တိုင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယား၌ မိုးကြိုးပစ်သေဆုံးသူ ယမန်နှစ်ထက် ထက်ဝက်နီးပါးကျဆင်း

**ဖနောင်ပင် ဇူလိုင် ၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်အတွင်း မိုးကြိုးပစ်ခတ်မှုကြောင့် ၁၆ ဦး သေဆုံးခဲ့သော်လည်း ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မိုးကြိုးပစ်ခြင်းနှင့်ဆိုင်သည့် ပြည်သူအသိပညာ တိုးတက်လာခြင်းကြောင့် သေဆုံးသူအရေအတွက် ကျဆင်းလာခြင်းဖြစ်ကြောင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဆုသ်ကင်ကိုလ်မိုနီ က ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

---

### ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

**ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်**

ပြင်သစ် - မိုရိုကို နံနက် ၂း၃၀

FRI JULY 10

ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ ပြင်သစ်နှင့် မိုရိုကိုအသင်းပွဲစဉ်ကို ဇူလိုင် ၁၀ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ အသင်းလိုက်စုဖွဲ့မှုအားကောင်းပြီး တိုက်စစ်ထက်မြက်တဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်း နိုင်ပွဲရယူပြီး နောက်တစ်ဆင့်တက်လှမ်းသွားမလဲဆိုတာ ရင်သပ်ရှုမောဖွယ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# မိုရိုကိုရဲ့ ကမ္ဘာ့ဖလားအိပ်မက်ကို အဆုံးသတ်မယ့်အသင်းက ပြင်သစ်လား...




### ပြင်သစ် VS မိုရိုကို

ပြင်သစ်က ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို သုံးကြိမ်ဆက်တက်လှမ်းဖို့ ပစ်မှတ်ထားနေတဲ့ အသင်းဖြစ်တယ်။ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အထိ တက်လှမ်းပြီး အာဖရိကဂုဏ်ဆောင်ခဲ့တဲ့ မိုရိုကိုက ဒီနှစ်မှာလည်း မှတ်တမ်းသစ်ရေးထိုးဖို့ ဦးတည်နေတဲ့ အသင်းဖြစ်တယ်။ ပြင်သစ်မှာ ပွဲရလဒ်ကို ပြောင်းလဲနိုင်တဲ့ ကစားသမား အများအပြားရှိပေမယ့် မိုရိုကိုရဲ့ မာကျောကျစ်လျစ်တဲ့ ခံစစ်ကစားပုံကြောင့် သွင်းဂိုးရဖို့ ရုန်းကန်ရနိုင်တယ်။ ခက်ခက်ခဲခဲကစားပြီး ပြင်သစ်အသင်း နိုင်ပွဲရယူသွားဖွယ်ရှိတယ်။




**ပြင်သစ်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုပွဲစဉ် ရလဒ်များ** | | | |
| ပြင်သစ် | ၃-၁ | ဆီနီဂေါ | ဇွန် ၁၇ |
| ပြင်သစ် | ၃-၀ | အီရတ် | ဇွန် ၂၃ |
| နော်ဝေ | ၁-၄ | ပြင်သစ် | ဇွန် ၂၇ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| ပြင်သစ် | ၃-၀ | ဆွီဒင် | ဇူလိုင် ၁ |
| **၁၆ သင်းအဆင့် ရလဒ်** | | | |
| ပါရာဂွေး | ၀-၁ | ပြင်သစ် | ဇူလိုင် ၅ |

**မိုရိုကိုအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုပွဲစဉ် ရလဒ်များ** | | | |
| ဘရာဇီး | ၁-၁ | မိုရိုကို | ဇွန် ၁၄ |
| စကော့တလန် | ၀-၁ | မိုရိုကို | ဇွန် ၂၀ |
| မိုရိုကို | ၄-၂ | ဟေတီ | ဇွန် ၂၅ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| နယ်သာလန် | ၁-၁ | မိုရိုကို | ဇွန် ၃၀ |
| ■ ပယ်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် မိုရိုကို နိုင်ပွဲရ | | | |
| **၁၆ သင်းအဆင့် ရလဒ်** | | | |
| ကနေဒါ | ၀-၃ | မိုရိုကို | ဇူလိုင် ၄ |

**အမ်ဘာပေ (တိုက်စစ် - ပြင်သစ်)**

✓ တစ်ဦးချင်းကျော်ဖြတ်နိုင်စွမ်းနဲ့ ဂိုးသွင်းစွမ်းရည် မြင့်မားခြင်း။
ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၉ ကြိမ်

**ဒမ်ဘီလီ (တောင်ပံတိုက်စစ် - ပြင်သစ်)**

✓ ပြင်းထန်အားပါတဲ့ ကန်ချက်များနဲ့ ဂိုးသွင်းယူနိုင်ခြင်း။
ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၆ ကြိမ်

**ဒီယက်ဇ် (တောင်ပံတိုက်စစ် - မိုရိုကို)**

✓ ဘောလုံးလမ်းကြောင်းတွက်ဆပြီး ဂိုးဖန်တီးရာမှာ ထူးချွန်ခြင်း။
ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၄ ကြိမ်

**ဟာကီမီ (ခံစစ် - မိုရိုကို)**

✓ ခံစစ်ကနေ တိုက်စစ်အထိ လိုက်ပါပြီး ပံ့ပိုးပေးနိုင်ခြင်း။
ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၃ ကြိမ်

**သမိုင်းဝင် ဂိုးမပေးရ စံချိန်သစ်**

စပိန်အသင်းဂိုးသမား အူနိုင်းဆီမွန်သည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ငါးပွဲဆက်တိုက်ဂိုးမပေးရအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် ၆၀၉ မိနစ်ကြာအောင် ဂိုးမပေးရသည့် သမိုင်းဝင်စံချိန်မှတ်တမ်းသစ်ကို စိုက်ထူနိုင်ခဲ့သည်။



■ မိုးဇက် - စုစည်းသည်

## စလင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်လှစ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးကျော်ဇေယျာလင်းတို့က ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း (TOT) ဖွင့်လှစ်ပို့ချရခြင်းမှာ ဥပဒေစွမ်းရည်မြှင့်တင်ပေးရန်အတွက် ရည်ရွယ်၍ သင်တန်းပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မောင်လွင်(စလင်း)**



## ရေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ရေး ဇူလိုင် ၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးမင်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ မြို့နယ်ဥပဒေအရာရှိက ဥပဒေဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## ကွန်ဟိန်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ကွန်ဟိန်း ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးတိုးချစ်အောင်က သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**



## မူဆယ်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**မူဆယ် ဇူလိုင် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲကို ခရိုင်/မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးရန်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ဥပဒေဘာသာရပ်များကို နှစ်ရက်တာ သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းသား ၈၉ ဦး တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး

**သံဖြူဇရပ် ဇူလိုင် ၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးသီက ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းက သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်းအကြောင်းရင်းများ၊ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများ၊ သစ်ပင်များရှင်သန်ရေး ပြုစုစိုက်ပျိုးနည်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သီရိနန္ဒာစိုက်ပျိုးထုတ်လုပ်ရေးသမအသင်းမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**ပုသိမ်ကြီး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာသို့ ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်အောင်နှင့် တာဝန်ရှိသူများသည် လယ်ယာဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေမှုအား ကွင်းဆင်းကြည့်ရှုရာ နိုင်ငံတော်မှ ၅၀ ရာခိုင်နှုန်း ထောက်ပံ့ပေးသည့် Daedong စက်ကိရိယာ လယ်ယာဝန်ဆောင်မှု လုပ်ငန်းလုပ်ဆောင်နေသည့် သီရိနန္ဒာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အသင်းသားတောင်သူတစ်ဦး၏ လယ်ယာမြေ၌ လယ်ယာဝန်ဆောင်မှုလုပ်ငန်း အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရွှေရန်ကင်း**



## မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

### လမ်းဘေးဝဲယာနှစ်ဖက်တွင် ဆိုင်များ ကျူးကျော်ရောင်းချနေခြင်း သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးစေလို

သို့

အယ်ဒီတာခင်ဗျား

မွန်ပြည်နယ်၏ မြို့တော်ဖြစ်သော မော်လမြိုင်မြို့ အောက်လမ်းမကြီးရှိဈေးကြီးဈေး အရှေ့လမ်းမကြီးပေါ်တွင်ဈေးဆိုင်များကျူးကျော်ရောင်းချနေခြင်း၊ ဈေးအရှေ့လမ်းမကြီးပေါ်တွင်ရှိသော ဈေးဆိုင်အချို့က ဆိုင်အရှေ့တွင် ကားမရပ်နိုင်ရန် အတားအဆီးများချထားခြင်း၊ အချို့ဆိုင်များအရှေ့တွင် ကားရပ်ပါက ဆိုင်ပိုင်ရှင်က ဆိုင်အရှေ့တွင် ကားမရပ်ရန် ထွက်၍ပြောဆိုခြင်းတို့ကြောင့် ကားများဖြစ်သလို နှစ်ထပ်ရပ်ကြရပါသည်။ ထို့အပြင် တစ်လမ်းမောင်းလမ်းဖြစ်သော သထုံတံတားလမ်း လမ်းဘေးဝဲယာနှစ်ဖက်တွင် ဆိုင်များ ကျူးကျော်ရောင်းချနေခြင်းများကြောင့် ယာဉ်ကြောပိတ်ဆို့၍ သွားလာရခက်ခဲနေပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါသည် ခင်ဗျား။

**ဦးဝင်း–မော်လမြိုင်သား**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ– mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

## ပေါင်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော



**ပေါင် ဇူလိုင် ၈**

မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အထက(ပေါင်) ရွှေရတုခန်းမ၌ ပြုလုပ်ရာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အထက(ပေါင်)ကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၈၀ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခိုင်စိုးနှင့် အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မြို့နယ်တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်တို့က ကျောင်းသား ကျောင်းသူများအနေဖြင့် လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ အုပ်စုလိုက် အစုအဝေးဖြင့် လမ်းလျှောက်သူများ လိုက်နာရမည့်စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်း စသည့်အသိပညာဗဟုသုတများအား အသိပညာပေးဟောပြောပေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။



**သက်လွင်စိုး(ပြန်/ဆက်)**

# တောင်သူစိုက်ပျိုးသီးနှံများအတွက် တစ်ဧကအမြတ်ပိုရခြင်းနှင့် တစ်ဧကအထွက်တိုးမှု နှိုင်းယှဉ်ချက်များ(အပိုင်း-၂)

မောင်မြေ(ဆင်ပေါင်ဝဲ)

ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ဧရိယာတစ်ခုလျှင် အမြတ်ပိုတိုးလာခြင်းသည် စိုက်ဧရိယာတစ်ခုလျှင် အထွက်နှုန်းပိုတိုးလာခြင်းထက် ပိုမို အရေးကြီးသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ သို့သော် အကောင်းဆုံးစိုက်ပျိုးရေးစနစ်မှာ "အမြတ်" နှင့် "အထွက်နှုန်း" နှစ်ခုလုံးကို မျှတစွာထိန်းထားနိုင်ခြင်း ဖြစ်ပါသည်။

**အဖြေရှာရန်နှင့် အလေးအနက်စဉ်းစားရန်အတွက် AI ဉာဏ်ရည်တု၏ အကြံပြုမှုက -**

(၁) နိုင်ငံတကာတွင် အောင်မြင်စွာကျင့်သုံးနေသော တောင်သူအခြေပြုပညာပေးလုပ်ငန်းများကို အတုယူရပါမည်။ တောင်သူပညာပေးစိုက်ပျိုးရေးပညာရှင်များက "ကိုယ်သိတာ သွားသင်တာ" မဟုတ်ဘဲ "တောင်သူပြဿနာများ" ကို ဖြေရှင်းသည့်စနစ် ဖြစ်ရပါမည်။ ကွင်းဆင်းပညာပေးဝန်ထမ်းများကို ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေးပညာ၊ တောင်သူပြဿနာ ဖြေရှင်းနည်းကျွမ်းကျင်မှု၊ သရုပ်ပြကွင်းရှင်းလင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများ စသည်တို့ကို လေ့ကျင့်၊ သင်ကြားပေးရန် လိုအပ်ပါသည်။

> **" နိုင်ငံတကာတွင် အောင်မြင်စွာကျင့်သုံးနေသော တောင်သူအခြေပြုပညာပေးလုပ်ငန်းများကို အတုယူရပါမည်။ တောင်သူပညာပေးစိုက်ပျိုးရေးပညာရှင်များက "ကိုယ်သိတာ သွားသင်တာ" မဟုတ်ဘဲ "တောင်သူပြဿနာများ" ကို ဖြေရှင်းသည့်စနစ် ဖြစ်ရပါမည်။ ကွင်းဆင်းပညာပေးဝန်ထမ်းများကို ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေးပညာ၊ တောင်သူပြဿနာ ဖြေရှင်းနည်းကျွမ်းကျင်မှု၊ သရုပ်ပြကွင်းရှင်းလင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများ စသည်တို့ကို လေ့ကျင့်၊ သင်ကြားပေးရန် လိုအပ် "**

စာရေးသူအနေဖြင့် ထပ်ဆင့်အကြံပြုလိုသည်မှာ ဒေသအချို့၌ အိန္ဒိယနိုင်ငံ တောင်သူပညာပေးပုံစံ (KVK Agricultural Extension Model) စမ်းသပ်ပြောင်းလဲကြည့်သင့်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အချို့တွင် တစ်နေရာတည်းရှိနေသော တောင်သူပညာပေးရုံး (One-stop Farmer Extension office) ရှိရမည်ဖြစ်ပြီး မျိုးစေ့ဝယ်ယူမှု၊ မွေးမြူရေး တိရစ္ဆာန်များ (ဥပမာ - ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်များ)ကို တောင်သူလွယ်ကူစွာ ဝယ်ယူနိုင်မှု၊ မြေဆီလွှာစမ်းသပ်စစ်ဆေးမှု၊ စက်မှုလယ်ယာ၊ ရေသွင်းရေထုတ်၊ နောက်ဆုံးအောင်မြင်နေသော သမဝါယမစနစ်၊ နောက်ဆုံးပေါ် သီးနှံပေါက်ဈေးအစရှိသည့် တောင်သူ ဝန်ဆောင်မှုလုပ်ငန်းများ (အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ) စုပေါင်းရုံးသည် တစ်နေရာတည်းရှိနေခြင်းဖြင့် ဈေးဝယ်စင်တာများကဲ့သို့ ကြိုက်ရာဝယ်ယူ၊ မေးခွန်းမေးမြန်း၊ ဆွေးနွေးတိုင်ပင် ဆောင်ရွက်နိုင်ပါသည်။

ယခုနောက်ပိုင်းတွင်တော့ လက်ကိုင်ဖုန်းအပလီကေးရှင်း (Mobile Phone Application)တို့ သုံးလာပါပြီ။ ဥပမာ - မြန်မာနိုင်ငံတွင် အစိမ်းရောင်လမ်း (Greenway App. e.g. https://greenwaymyan-mar.com)၊ ထွက်တိုး အစရှိသည့် တောင်သူသုံးတယ်လီဖုန်းနှင့် အသုံးပြုရသော စနစ်များက ကျေးရွာများအထိတော့ ရောက်ရှိနေပါပြီ။

**(၁-က) အိန္ဒိယနိုင်ငံ၏ KVK စနစ် (အားသာချက်များ)။** KVK များသည် ဓာတ်ခွဲခန်းနှင့် တောင်သူလယ်ယာကွင်းများကို ကြားခံတံတားအဖြစ် ဆောင်ရွက်ပေးသော ခရိုင်အဆင့် စိုက်ပျိုးရေးအသိပညာပေးစင်တာများ ဖြစ်ပါသည်။

**ကောင်းကျိုး၊ အကျိုးကျေးဇူးများ**

**(၁-က-၁) စီးပွားရေးအရ သိသိသာသာ အကျိုးရှိခြင်း။** KVK များတွင် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ်-ကုန်ကျစရိတ် အချိုး ၈ မှ ၁၂ အကြားရှိကြောင်း လေ့လာမှုတစ်ခုက တွေ့ရှိရပြီး အဆိုပါစင်တာများက မိသားစုများ၏ စီးပွားရေးကို များစွာ အကျိုးပြုကြောင်း ညွှန်ပြနေပါသည်။

**(၁-က-၂) ကုန်ထုတ်စွမ်းအားနှင့် နည်းပညာ လက်ခံမှု မြင့်မားခြင်း။** သုတေသနပြုချက်များအရ KVK ၏ရှေ့တန်းသရုပ်ပြမှုများနှင့် လေ့ကျင့်ရေးအစီအစဉ်များက မျိုးကောင်းမျိုးသန့်များ ပိုမိုအသုံးပြုလာမှုကို တိုးမြှင့်ပေးကြောင်း ပြသနေပါသည်။ ခိုင်မာသော အချက်အလက်များက ၎င်းတို့၏ ကြားဝင်ဆောင်ရွက်မှုများကြောင့် သီးနှံအထွက်နှုန်း ၂၀-၅၄ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်သည်ဟု ဖော်ပြထားပါသည်။

**(၁-က-၃) ကျွမ်းကျင်မှုနှင့် လူမှုစီးပွားဘဝ မြှင့်တင်ခြင်း။** ရည်မှန်းထားသော လေ့ကျင့်ပညာပေးရေး အစီအစဉ်များသည် အထူးသဖြင့် အမျိုးသမီးတောင်သူများ၏ ကျွမ်းကျင်မှုကို ၈၅ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးခဲ့ပြီး အိမ်ထောင်စုဝင်ငွေကို ၂၀-၂၅ ရာခိုင်နှုန်း တိုးတက်စေခဲ့ပါသည်။

**(၁-ခ) တရုတ်နိုင်ငံ၏ အောင်မြင်သော တောင်သူပညာပေးလုပ်ငန်းများ။** တရုတ်နိုင်ငံသည် KVK များ၏ စိန်ခေါ်မှုများကို အသိအမှတ်ပြုပြီး တောင်သူပညာပေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်မှုနှင့် လက်တွေ့လုပ်ဆောင်မှုကို အလေးပေးသော မဟာဗျူဟာများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**(၁-ခ-၁) အဓိက စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဖြန့်ဖြူးရေးအစီအစဉ်။** ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သော ဤအစီအစဉ်သည် သုတေသနဌာနများ၊ တက္ကသိုလ်များနှင့် ဒေသဆိုင်ရာ အစိုးရများအား ချိတ်ဆက်ပေးသည့် "ပူးပေါင်းဆောင်ရွက်သည့် ဖြန့်ဖြူးရေးယန္တရား" တစ်ခု ဖြစ်ပါသည်။

ရလဒ်။ MATCEP သည် စမ်းသပ်ခံဒေသများတွင် အိမ်ထောင်စုဝင်ငွေ ၂၄ ဒသမ ၇ ရာခိုင်နှုန်းခန့် သိသိသာသာ တိုးမြှင့်စေခဲ့ပါသည်။ ဤတိုးတက်မှုသည် မြေယာအသုံးပြုမှုနှင့် စက်မှုလယ်ယာကို အားပေးခြင်းအားဖြင့် ထုတ်လုပ်မှုချဲ့ထွင်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာ ယန္တရားများမှ တစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

**(၁-ခ-၂) တောင်သူလယ်ယာသင်ကျောင်းများ။** ဗဟိုစိုက်ပျိုးမွေးမြူရေးအသံလွှင့်ရေးနှင့် ရုပ်မြင်သံကြားကျောင်းက ဦးဆောင်သော ဤကျောင်းများသည် တောင်သူများ၏ "လယ်ကွင်းအတွင်း သင်ကြားခြင်း"ကို အဓိကထားပါသည်။

**လက်တွေ့ကျသောသင်ယူမှု။** ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုကို အလေးပေးသော "ပြဿနာဖြေရှင်းခြင်း" သင်ရိုးညွှန်းတမ်းများကို အသုံးပြုပါသည်။ လေ့ကျင့်မှုတွင် ပုံမှန်အားဖြင့် မေးခွန်းများဖြေဆိုခြင်း မပါဝင်ဘဲ လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းတို့ ပါဝင်ပါသည်။

ရလဒ်။ တရုတ်နိုင်ငံတွင် ဤတောင်သူပညာပေး သင်တန်းကျောင်းပေါင်း ၁၅၀၀၀ ကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လယ်ယာသုံးနည်းပညာအသစ်များ လျင်မြန်စွာ လက်ခံကျင့်သုံးလာစေရန် အထောက်အကူပြုလျက်ရှိသည်။ အိန္ဒိယနိုင်ငံနှင့်မတူဘဲ ဤစနစ်သည် ပြောင်းလွယ်ပြင်လွယ်ရှိပြီး ဒေသဆိုင်ရာ အခြေအနေများနှင့် လျင်မြန်စွာ လိုက်လျောညီထွေဖြစ်စေရန် ဒီဇိုင်းထုတ်ထားပါသည်။

**(၁-ဂ) ဩစတြေးလျစိုက်ပျိုးရေး တိုးချဲ့ပညာပေးစနစ်။** ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေး တိုးချဲ့ပညာပေးစနစ်သည် တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များထံသို့ သုတေသနရလဒ်များ၊ နည်းပညာအသစ်များနှင့် စီမံခန့်ခွဲမှုနည်းလမ်းကောင်းများကို ထိရောက်စွာ ပို့ဆောင်ပေးသည့် ကမ္ဘာ့အဆင့်မီ စနစ်တစ်ခုဖြစ်ပါသည်။

နိုင်ငံအချို့တွင် အစိုးရက တိုက်ရိုက်တိုးချဲ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်သော်လည်း ဩစတြေးလျတွင် သုတေသန(Research)- ဖွံ့ဖြိုးတိုးတက်မှု (Development) - တိုးချဲ့ပညာပေး (Extension) (RD&E – Research, Development & Extension) ပုံစံကို အသုံးပြုကာ အစိုးရ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအကြံပေးအဖွဲ့များနှင့် တောင်သူအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။

**(၁-ဂ-၁) သုတေသနနှင့် ဖွံ့ဖြိုးမှုကော်ပိုရေးရှင်းများ (Research and Development Corporations-RDCs)။** RDCs များသည် သီးနှံ၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ကဏ္ဍအလိုက် သုတေသနနှင့် တိုးချဲ့ပညာပေးလုပ်ငန်းများကို စီမံခန့်ခွဲသော အဖွဲ့အစည်းများ ဖြစ်သည်။

ငွေကြေးအရင်းအမြစ်များမှာ တောင်သူများနှင့် နိုင်ငံခြားပို့ကုန်လုပ်ငန်းရှင်များက ပေးဆောင်သော ထုတ်လုပ်မှုအပေါ် အခွန်ပုံစံ၊ ဩစတြေးလျအစိုးရ ထောက်ပံ့ငွေတို့မှ ရရှိပါသည်။

**RDCs ဥပမာများ။** နှံစားသီးနှံများသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်ပိုရေးရှင်း (Grains Research and Development Corporation – GRDC)၊ ဝါသီးနှံ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်ပိုရေးရှင်း (Cotton Research and Development Corpora-tion CRDC)၊ ဩစတြေးလျအသားနှင့် တောင်သူမွေး တိရစ္ဆာန်အဖွဲ့ (Meat & Livestock Australia MLA)၊ ဩစတြေးလျစိုက်ပျိုးမွေးမြူရေးအနာဂတ်အဖွဲ့ (AgriFutures Australia)၊ ဩစတြေးလျဝိုင်အသင်း (Wine Australia) စသည်တို့ ဖြစ်ပါသည်။

RDCs များသည် သုတေသနရလဒ်များကို တောင်သူကွင်းပြပွဲများ၊ သရုပ်ပြစိုက်ခင်းများ၊ သင်တန်းများ၊ စာအုပ်၊ လက်ကမ်းစာစောင်များ၊ အင်တာနက်မှတစ်ဆင့် အွန်လိုင်းပလက်ဖောင်းစနစ်တို့မှတစ်ဆင့် တောင်သူများထံ ပို့ဆောင်ပေးကြပါသည်။

**(၁-ဂ-၂) တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ။** အရေးပါသော အဖွဲ့အစည်းများမှာ ဖက်ဒရယ်အစိုးရနှင့် နည်းပညာသုတေသနအဖွဲ့၊ ပြည်နယ်တိုင်းရှိ စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားသုတေသနပြုနေသော တက္ကသိုလ်များ (ဥပမာ- ကွင်းစလန်တက္ကသိုလ်၊ ဆစ်ဒနီတက္ကသိုလ်၊ မဲလ်ဘုန်းတက္ကသိုလ်၊ ဩစတြေးလျအနောက်ပိုင်းတက္ကသိုလ်) တို့ဖြစ်ကြသည်။ ဤအဖွဲ့အစည်းများသည် စိုက်ပျိုးရေးသုတေသန၊ စမ်းသပ်စိုက်ခင်းများ၊ သင်တန်းများ၊ တောင်သူများနှင့် ပူးပေါင်းသုတေသနများကို ဆောင်ရွက်နေကြပါသည်။

**(၁-ဂ-၃) ပုဂ္ဂလိက စိုက်ပျိုးရေး အကြံပေးများ။** ဩစတြေးလျတွင် ပုဂ္ဂလိကစိုက်ပျိုးရေး အကြံပေးလုပ်ငန်းများ အလွန်တိုးတက်ဖွံ့ဖြိုးနေပါသည်။ ၎င်းတို့သည် သီးနှံစီမံခန့်ခွဲမှု၊ မြေဆီလွှာဩဇာစီမံခန့်ခွဲမှု၊ တိကျသော စိုက်ပျိုးရေး၊ ရေသွင်းစနစ်၊ ပိုးမွှားနှင့် ရောဂါထိန်းချုပ်မှု၊ လယ်ယာစီးပွားရေး စသည့်နယ်ပယ်များတွင် အကြံပေးကြပါသည်။

**(၁-ဂ-၄) တိုးချဲ့ပညာပေး နည်းလမ်းများ။** သမားရိုးရာနည်းလမ်းများ လယ်ယာကွင်းဆင်း သရုပ်ပြခြင်းများ၊ စံနမူနာပြစိုက်ခင်းများ၊ တောင်သူများ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ အပြင် ခေတ်မီနည်းလမ်းများ ဥပမာ - အဝေးမှ တွေ့ဆုံနှီးနှောဖလှယ်ပွဲများ၊ အွန်လိုင်းစနစ်လေ့လာမှုများ၊ လက်ကိုင်ဖုန်းဖြင့် လေ့လာမှုများ၊ ဒီဂျစ်တယ်စနစ်ဖြင့် ဆုံးဖြတ်သည့်စနစ်များ၊ လူမှုကွန်ရက်စနစ်များ၊ လယ်ယာမြေများကို အဝေးမှ ကြည့်ရှုဆောင်ရွက်သောစနစ်များ၊ တိကျသော စိုက်ပျိုးမွေးမြူရေးစနစ်များအပါအဝင် ယနေ့ သတင်းအချက်အလက်နည်းပညာခေတ်တွင် စုပေါင်း၍ တောင်သူပညာပေးလုပ်ငန်းများ အောင်မြင်နေသည်ကို လေ့လာအတုယူရပါမည်။ ။

> **❑ သမားရိုးရာနည်းလမ်းများ လယ်ယာကွင်းဆင်းသရုပ်ပြခြင်းများ၊ စံနမူနာပြစိုက်ခင်းများ၊ တောင်သူများ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများအပြင် ခေတ်မီနည်းလမ်းများ ဥပမာ - အဝေးမှ တွေ့ဆုံနှီးနှောဖလှယ်ပွဲများ၊ အွန်လိုင်းစနစ်လေ့လာမှုများ၊ လက်ကိုင်ဖုန်းဖြင့် လေ့လာမှုများ၊ ဒီဂျစ်တယ်စနစ်ဖြင့် ဆုံးဖြတ်သည့်စနစ်များ၊ လူမှုကွန်ရက်စနစ်များ၊ လယ်ယာမြေများကို အဝေးမှ ကြည့်ရှုဆောင်ရွက်သောစနစ်များ၊ တိကျသော စိုက်ပျိုးမွေးမြူရေးစနစ်များ အပါအဝင် ယနေ့သတင်းအချက်အလက်နည်းပညာခေတ်တွင် စုပေါင်း၍ တောင်သူပညာပေးလုပ်ငန်းများ အောင်မြင်နေသည်ကို လေ့လာအတုယူရပါမည်**

## လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**လယ်ဝေး ဇူလိုင် ၈**

လယ်ဝေးမြို့နယ်၌ လူငယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကား ပြောကြားသည်။



ထို့နောက် စာရေးဆရာ မောင်စိမ်းနောင် (လယ်ဝေး)က ကျောင်းသား ကျောင်းသူများအား ပညာပြည့်ဝနလုံးလှစေ ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပြီး မြို့နယ်သာသနာရေး ဦးစီးဌာနမှူး ဦးမျိုးဝင်းအောင်က ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်အကြောင်း၊ သီလစောင့်ထိန်းခြင်းနှင့် သည်းခံခြင်း၏ အကျိုးနှင့် (၃၈)ဖြာ မင်္ဂလာတရားတော်ကဗျာများ စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

အလားတူ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် ပုံချီကျေးရွာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငပုတောမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**ငပုတော ဇူလိုင် ၈**

ငပုတောမြို့နယ် ဥပဒေချုပ်ရုံးက ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိဒေါ်ပန်းအိစံက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

## မအူပင်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မအူပင် ဇူလိုင် ၈**

ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မအူပင်မြို့နယ် ရွာသစ်စုကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာ၌ ဇူလိုင် ၆ ရက်က ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူ အင်အား ၇၀ က မန်ဂျန်ရှားအပင် ၂၀၀ စုပေါင်းစိုက်ပျိုးကြသည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

## တောင်ကြီးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ရှင်းလင်းဆွေးနွေး

**တောင်ကြီး ဇူလိုင် ၈**

တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တောင်ကြီးခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၆) ကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ သင်တန်းပထမနေ့တွင် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သူက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြောကြားပြီး တောင်ကြီးမြို့နယ် ဥပဒေအရာရှိ ဦးပိုင်ဖြိုးထက်က ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းနှင့် ပတ်သက်၍ သင်တန်းအစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

## လသာမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင် ၇ ရက် နံနက်က လသာမြို့နယ် ဗိုလ်ချုပ်လမ်းရှိ အထက(၂)လသာ မြည်ီလာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမောင်မောင်စွယ်စုံထွန်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိအမြင်ဗဟုသုတများကို မျှဝေဟောပြောခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။



**မောင်မောင်စွယ်စုံထွန်း(YESC)**

## ဖြူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ဖြူး ဇူလိုင် ၈**

ဖြူးမြို့နယ် လူငယ့်အားမာန်ဝန်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနိုင်၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဒေသခံပြည်သူများက သစ်ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျိုင်းတုံမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ယန်းလောကျေးရွာ လမ်းကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၇ ရက်က ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)



လင်းခေးမြို့၌ ဈေးသမဝါယမအသင်းလီမိတက်က အသင်းဝင်များ၏ (၂၀၂၅-၂၀၂၆)ဘဏ္ဍာနှစ် စုဆောင်းငွေအပေါ် အတိုးနှင့်အစုအပေါ် အစုပေါ်အမြတ်ငွေများပေးအပ်ပွဲကို ဇူလိုင် ၅ ရက်က မြို့နယ်မဟာမြတ်မုနိ ဘုရားကျောင်းဓမ္မာရုံ၌ ကျင်းပရာ တာဝန်ရှိသူများက အသင်းသား ၅၀၀ အား စုဆောင်းငွေအပေါ် အတိုးနှင့် အစုအပေါ် အမြတ်ငွေများ ပေးအပ်စဉ်။ စိုင်းဇော်လတ်(လင်းခေး)



ပင်လောင်းမြို့နယ်၌ မြို့နယ်ဥပဒေရုံးမှ ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဘက်စုံသုံးခန်းမ၌ ယမန်နေ့က ကျင်းပရာ အုပ်ချုပ်ရေးမှူးများအား မြို့နယ်ဥပဒေအရာရှိက သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



လပွတ္တာမြို့နယ် လပွတ္တာ-သက်န်းကြီးကားလမ်းဘေး၌ ဇူလိုင် ၇ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ပျိုးပင် ၂၀၅၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ ခရိုင်(ပြန်/ဆက်)

## တနင်္သာရီမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**တနင်္သာရီ ဇူလိုင် ၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၇ ရက်က သစ်တောဦးစီးဌာန၌ ကျင်းပရာ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၅၁ ဦး တက်ရောက်ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇေယျာမိုးက မိုးရာသီသစ်ပင်စိုက်ပျိုးရေး၏ အရေးပါမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဟောပြောသည်။ ထို့နောက် သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် သစ်တောဦးစီးဌာန ရုံးဝင်းအတွင်း စက္ကူပန်းပင်များကို လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

## ငပုတောမြို့နယ်၌ မိုးစပါးစီမံကိန်းအတွက် သွင်းအားစုများပေးအပ်




**ငပုတော ဇူလိုင် ၈**

ငပုတောမြို့နယ် ကတ္တရာဝ ကျေးရွာတွင် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ဧက ၁၉၀၀ တွင် ပါဝင် ဆောင်ရွက်ကြမည့် တက်ရောက်လာကြသော တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

## လှည်းကူးမြို့နယ် အားကစားကွင်း၌ သစ်ပင်စိုက်ပျိုး

**လှည်းကူး ဇူလိုင် ၈**

လှည်းကူးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ပြည်သူ့အားကစားကွင်း၌ ယမန်နေ့နံနက်က မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက စိန်ပန်းပင် ၅၀ နှင့် ခရေပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**အိရွှေစင်လတ်(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**ဆိပ်ဖြူ ဇူလိုင် ၈**

ဆိပ်ဖြူမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ထူးမြတ်သူဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် အခြား သိသင့်သိထိုက်သော ဥပဒေ၊ နည်းဥပဒေများကို နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ပျိုးတောင်သူများအား သွင်းအားစုပေးအပ်

**မြစ်သား ဇူလိုင် ၈**

မြစ်သားမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ဒေသခံတောင်သူများအား ကျပ်သိန်းပေါင်းနှစ်ထောင့်ငါးရာနှင့် ညီမျှသောသွင်းအားစုပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။



**ဝါဝါမြင့်(မြစ်သား)**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ အမှတ် ၆ ရပ်ကွက်တွင် ၂၀၀ ကေဗွီအေထရန်စဖော်မာ ဓာတ်အားပို့လွှတ်၊ ဖြန့်ဖြူးခြင်းဖွင့်ပွဲကို ဇူလိုင် ၅ ရက်က အမှတ် ၆ ရပ်ကွက်၌ ကျင်းပစဉ်။
ကျော်မျိုးနိုင်(တောင်သာ)





ညောင်တုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဇွန် ၃၀ ရက်က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မြောင်းမြမြို့၌ ကော်ဖီသီးနှံ ပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကျင်းပ

**မြောင်းမြ ဇူလိုင် ၈**

မြောင်းမြမြို့၌ ကော်ဖီသီးနှံပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်း စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က တောင်ကလေးကျေးရွာရှိ ဦးညွန့်ဝေ (ရွှေခြသေ့ရော်ဘာခြံ)၌ ကျင်းပရာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များက ဧက ၁၁၀ အတွက် ကော်ဖီပျိုးပင်ပေးအပ်ခြင်း၊ ကျေးရွာအုပ်စု ၁၁ အုပ်စုအတွက် ကော်ဖီပျိုးပင်ဧက ၁၁၀ ဖြန့်ဝေခြင်း၊ ဦးညွန့်ဝေ (ရွှေခြသေ့ရော်ဘာ)ခြံ၌ ကော်ဖီ ၁၀ ဧက စိုက်ပျိုးပြီး ယခု ကော်ဖီ ငါးဧက စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့သည်။ **ဇေယျာ(ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်၌ အခြေခံမီးသတ်ပညာသင်ကြား

**ကျောက်ပန်းတောင်း ဇူလိုင် ၈**

ကျောက်ပန်းတောင်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ သင်တန်းကို မြို့မစည်ပင်သာယာဈေးမှ သင်တန်းသား ၂၅ ဦး၊ တမွဝတီဈေးသစ်မှ ၁၀ ဦး တက်ရောက်ကြပြီး နှစ်ပတ်ကြာ သင်ကြားမည်ဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**



## လားရှိုး၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်

**လားရှိုး ဇူလိုင် ၈**

လားရှိုးမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးဆန်းဝင်းက သင်တန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိနှင့် နည်းပြများက သင်တန်းသား ၂၆ ဦးအား နှစ်ရက်တာ ဥပဒေပညာများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကျိုက်လတ်မြို့နယ် ဗိုလ်ချုပ်လမ်း(၄) ဖြတ်လမ်းထိပ်၌ ဇူလိုင် ၈ ရက်က မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်စဉ်။ လှိုင်မင်းအောင်(ပြန်/ဆက်)



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | 33(T)/EPGE (REHP)/ 2026–2027 | ဇော်ဂျီ(၁)စက်ရုံအတွက် Penstock Pipe များနှင့် Surge Tank တို့၏ အတွင်းမျက်နှာပြင်များအား Sand Blasting & Painting ပြုလုပ်ခြင်းလုပ်ငန်း။ |
| (ခ) | 34(T)/EPGE (REHP)/ 2026–2027 | ပေါင်းလောင်းဓာတ်အားပေးစက်ရုံရှိ စက်အမှတ်(၃၊၄)တို့၏ Sprial Casing နှင့် Draft Tube များအတွင်း Sand Blasting & Painting ပြုလုပ်ခြင်းလုပ်ငန်း။ |
| (ဂ) | 35(T)/EPGE(REHP)/ 2026–2027 | မုန်းချောင်းဓာတ်အားပေးစက်ရုံရှိစက်အမှတ်(၁)၏ Governor System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ |
| (ဃ) | 36(T)/EPGE (REHP)/ 2026–2027 | နန်ချိုဓာတ်အားပေးစက်ရုံရှိ အမှတ်(၁)စက်တွင် လဲလှယ်ရန် လိုအပ်သော Thrust Bearing Based Plate and Accessories များကို Supervision နှင့်အတူ ဝယ်ယူခြင်း။ |
| (င) | 37(T)/EPGE (REHP)/ 2026–2027 | ပေါင်းလောင်းဓာတ်အားပေးစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း(၅)မျိုး ဝယ်ယူခြင်း။ |
| (စ) | 38(T)/EPGE (REHP)/ 2026–2027 | ရဲရွာစက်ရုံနှင့် ကွန်းချောင်းဓာတ်အားပေးစက်ရုံတို့အတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း (၁၈)မျိုးဝယ်ယူခြင်း။ |
| (ဆ) | 42(T)/EPGE (REHP)/ 2026–2027 | အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံရှိ Heating, Ventilation and Air– Conditioning (HVAC) System Upgrading ပြုလုပ်ခြင်းလုပ်ငန်း။ |
| (ဇ) | 43(T)/EPGE (REHP)/ 2026–2027 | ပေါင်းလောင်း၊ အထက်ပေါင်းလောင်းနှင့် နန်ချိုဓာတ်အားပေးစက်ရုံတို့တွင် CCTV System ဝယ်ယူတပ်ဆင်ခြင်း။ |
| (ဈ) | 44(T)/EPGE (REHP)/ 2026–2027 | ရဲရွာဓာတ်အားပေးစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း(၆)မျိုး ဝယ်ယူခြင်း။ |
| (ည) | 45(T)/EPGE (REHP)/ 2026–2027 | အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံ၏ 230 / 11kV, 90MVA Three Phase Main Transformer မှ Phase (C)အား ပြုပြင်ခြင်းလုပ်ငန်း။ |
| (ဋ) | 48(T)/EPGE (GT)/ 2026–2027 | အလုံဓာတ်အားပေးစက်ရုံ၏ Compressor Forward Casing နှင့် ဆက်စပ်ပစ္စည်းများ (1 Set)ပြင်ဆင်ခြင်းလုပ်ငန်း။ |

၂။ ခေါ်ယူသည့်တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - (၉ -၇-၂၀၂၆)ရက်မှ (၂၃ -၇-၂၀၂၆)ရက်အထိ

၄။ တင်ဒါရောင်းချမည့်အချိန် - (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

၅။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၄-၇-၂၀၂၆) ရက်နေ့၊ (၁၃:၀၀)နာရီ

၆။ တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမ၊ နေပြည်တော်

၇။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း ၊ ၀၉-၄၄၈၅၃၃၈၉၄)**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အထက(၅) Grade 2 မှ မချစ်လွန်းသူ ၏ မိဘအမည်မှန်မှာ ဦးစိုးမြင့်ဟန် ၇/တငန(နိုင်)၀၅၅၀၃၀-ဒေါ်လှလှဝင်း ၇/ရတရ(နိုင်)၂၄၆၉၄၈ ဖြစ်ပါသည်။

**ဦးစိုးမြင့်ဟန်-ဒေါ်လှလှဝင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အထက Grade-11 ကျောင်းသား မောင်လှိုင်မင်းသူ ၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးမင်း ၈/စလန(နိုင်)၁၀၀၉၁၁ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၂)၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(၈၁၁)၊ ဦးတင်ဖေ(၁၂/ကတတ(နိုင်)၀၀၈၇၉၁) စာအမှတ်ပါမစ် ၈၁၁)ပါမစ် မူရင်းအမည်ပေါက် ပေ (၄၀ x ၆၀) မြေကွက်၏မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ၎င်းသာလျှင်လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်စာချုပ်မူရင်းအဆက်စပ်များနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်အေးမာ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခိုင်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လို့ပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ စဉ်(၄၈၁၇၈)**
**ဖုန်း-၀၉၄၄၀၉၈၆၁၄၆**

## အလိမ္မာ စာမှာရှိ

## ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ပုသိမ်မြို့ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၂၂)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ ( Open Tender ) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေ့ရက်** - ၁၀-၇-၂၀၂၆ (သောကြာနေ့)
**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ** - ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး
**တင်ဒါလျှောက်လွှာပုံစံရောင်းချပိတ်မည့်နေ့ရက်** - ၂၃-၇-၂၀၂၆ (ကြာသပတေးနေ့)
**တင်ဒါလျှောက်လွှာပုံစံရောင်းချပိတ်မည့်အချိန်** - ညနေ (၁၅:၀၀)နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဘဏ္ဍာဌာန၊ ဖုန်း ၀၄၂-၂၁၈၉၁၊ ၀၄၂-၂၁၉၇၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန် ခေါ်ယူထားသော တင်ဒါများကို အောက်ဖော်ပြပါအတိုင်း တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်လိုက်ပါသည် -

| စဉ် | တင်ဒါအမှတ် | မူလတင်ဒါပိတ်ရက်/ အချိန် | တိုးမြှင့်ပြင်ဆင် သတ်မှတ်ရက်/အချိန် |
|---|---|---|---|
| (က) | 26, 28, 29, 30, 31 & 32 (T)/EPGE(GT)/2026–2027 | ၁၅-၇-၂၀၂၆ (၁၃:၀၀) | ၁၆-၇-၂၀၂၆ (၁၃:၀၀) |

၂။ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်ပြင်ဆင်ခြင်းအား ဝန်ကြီးဌာန Web-Portal **(www.moep.gov.mm)**တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း-၀၉-၄၄၈၅၃၃၈၉၄)**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ နဝဒေးရပ်ကွက်၊ တောင်ကြီး(၁)လမ်း၊ အိမ်အမှတ်(၁၇၂၅)နေ ဦးစိုးမင်းထွန်း ၁၂/မဂဒ(နိုင်)၁၂၃၇၁၁ ၏ သမီး နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 အတန်း(C)မှ မမေသဒ္ဒါထွန်း ၉/ပဗသ(နိုင်) ၀၃၀၁၃၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၈-၂၀၁၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းဘူးမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ မနန်းစုဝေ၏ဖခင် ဦးဗိုလ်ထွေး၏အမည်မှန်မှာ ဦးတင်ထွေး ၈/မဘန(နိုင်) ၀၉၈၃၈၄ ဖြစ်ပါကြောင်း။

**ဦးတင်ထွေး**

## ပတ်စ်ပို့ပျောက်

မင်းဘူး(စကု)မြို့နယ်၊ မကျီးသုံးပင်ကျေးရွာနေ(ဘ) ဦးထွန်းမြင့်၏သမီး ကျွန်မ မသီတာအေး ၈/မဘန(နိုင်)၁၇၃၅၅၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၉၇၁၅၁၀၇၁၇**

## မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့၊ ကလျာဏီရပ်ကွက်(၃)လမ်းနေ (ဘ) ဦးမင်းမင်းဦး ၇/ပခန(နိုင်)၃၂၀၃၄၈ ၏သား အ-လ-က(ခွဲ)မဇင်း(က)ကျောင်း Grade-8 မှ မောင်မျိုးမင်းမြတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၂၀၁၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကလေး စံပြကျေးရွာမှ ဦးကောင်းထက်သော် ၇/ပခန(နိုင်)၅၁၄၆၉၀ ၏ ဖခင်ဖြစ်သူ ဦးစိန်အောင်(ခ)ဦးမိုးဆွေ ၇/ပခန(နိုင်)၁၂၉၁၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်အောင်(ခ)ဦးမိုးဆွေ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ ငုရွှေဝါမြိုင်လမ်း၊ မြေကွက်အမှတ်( ၈၈၄/က) ရှိ ဦးတင်ဆန်း(MYGN-010914) နှစ်(၆၀)ဂရန်အမည်ပေါက်(၂၀ x ၆၀)ပေ မြေကွက်၏ မြေကွက်မှနေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင် လက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဒေါ်စန်းစန်းမြင့်ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ငွေးငွေးမြင့်၊ ဒေါ်အေးအေးမြင့်တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လို့ပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LLB)**
**အထက်တန်းရှေ့နေ စဉ်(၄၈၁၇၈)**
**ဖုန်း-၀၉၄၄၀၉၈၆၁၄၆**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၀-၇-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာန အဆိုရှင်များ စုပေါင်း၍ **"အချစ်ညရင်ခုန်သံ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁၀-၇-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"အချစ်ညရင်ခုန်သံ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | နေနိုင်သူရေ | ဌာနအဆိုရှင် |
| ၂။ | ပန်းမခူးရ | ပြင်ပအဆိုရှင် |
| ၃။ | အချစ်ညရင်ခုန်သံ | တူယှဉ်ရွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | ခရေလမ်းဒိုင်ယာရီ | တူယှဉ်ရွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | စိတ်ရဲ့အရိပ် | ပြင်ပအဆိုရှင် |
| ၆။ | ကျွန်တော်နှင့်အသည်းနှလုံး | ပြင်ပအဆိုရှင် |
| ၇။ | ရက်စက်တယ် | ပြင်ပအဆိုရှင် |
| ၈။ | လုံလောက်ပြီ | ပြင်ပအဆိုရှင် |
| ၉။ | နှင်စေရင် | ပြင်ပအဆိုရှင် |
| ၁၀။ | ပို၍ | ပြင်ပအဆိုရှင် |

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အထက Grade-12 ကျောင်းသား မောင်ချမ်းငြိမ်းအောင် ၈/စလန(နိုင်)၂၅၆၀၅၉၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်း ၈/စလန(နိုင်)၁၂၉၇၅၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၁၆၀၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်တင်တင်ဦး (၁၂/ဥကတ (နိုင်) ၀၅၂၉၅၄) နှင့် ဒေါ်အေးသန်း (၁၂/ဥကတ (နိုင်) ၀၅၇၀၅၈)တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၅၅၁၂/၂၀၂၆)ဖြင့် ဝယ်ယူထားသူ ဒေါ်ရင်ရင် (၁၃/လရန (နိုင်) ၂၂၁၅၄၀)ထံမှ ကျွန်တော် ဦးမောင်ကို (၈/ပမန (နိုင်) ၀၉၇၂၈၈)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးမောင်ကို (၈/ပမန (နိုင်) ၀၉၇၂၈၈)

၀၉- ၄၀၃ ၇၃၁ ၄၁၃

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၆/မြိုင်သာယာ) ဦးပိုင်အမှတ် (၆၆) ၊ ဧရိယာ (၀ဒသမ၁၁၇)ကေအနက်မှ ပေ(၃၀x၈၀) မြေကွက်သည် ခရိုင်ရုံး အမှုတွဲအမှတ်(V)၂၈၀/၂၀၀၀-၂၀၀၁ အရ ဒေါ်တင်ရီလှိုင်အမည်ဖြင့် ရရှိထားသော မြေကွက်ဖြစ်ပြီး ဒေါ်တင်ရီလှိုင်ထံမှ ဒေါ်နီနီမွန်သည် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး နှစ်(၃၀)မြေငှားဂရန် ခွဲစိတ်အမည်ပြောင်း ချထားပေးပါရန် ကျမ်းကျိန်လွှာ ၊ အရောင်းအဝယ် စာချုပ် မိတ္တူများ ၊ မှတ်ပုံတင်မိတ္တူ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှ စတင်၍ (၁၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာ မရှိပါက ဒေါ်နီနီမွန်၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- တ ၄၁၊ မြေကွက်အမှတ်- ၁၈၁၄ /က၊ ဧရိယာ (၀ဒသမ၀၂၇)ကေ၊ မြေကွက်တည်နေရာအမှတ်- ၁၈၁၄/က၊ ပန်းခြံလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်သန်းဝင်း(၁၂/လသန(နိုင်)၀၁၀၄၄၁) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား အမည်ပေါက် ထံမှ (၇-၇-၂၀၂၁)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ပန်းအိစံ(၁၃/တကန(နိုင်)၂၈၆၃၂၂) မှ ဝယ်ယူခဲ့ပြီး ၎င်းအမည်ပေါက်ရရှိရေးအတွက် ဒေါ်သန်းဝင်း အား တရားပြိုင်ထားရှိ၍ ရွှေပြည်သာမြို့နယ် တရားရုံးတွင် တရားမကြီးမှုအမှတ်- ၁၁/၂၀၂၄(၉-၇-၂၀၂၄) အရ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရှုံး(ကိုယ်စား) ရွှေပြည်သာမြို့နယ် တရားရုံး၏ တရားမဇာရီမှုအမှတ် ၃၅/၂၀၂၄(၄-၁၁-၂၀၂၄)ဖြင့် ဘီလစ်ခန့်စာရရှိသူ ဒေါ်ငုဝါ(ဘီလစ်) (၁၂/လမန(နိုင်)၀၂၉၆၃၃)မှ ဂရန်မူရင်း၊ တရားမကြီးမှုအမှတ် ၁၁/ ၂၀၂၄(၉-၇-၂၀၂၄)၊ တရားမဇာရီမှုအမှတ် ၃၅/၂၀၂၄(၄-၁၁-၂၀၂၄)၏ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအမိန့်၊ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ (၂၉-၁၁-၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၁၊ ကချင်စုရပ်)၊ ဦးပိုင်အမှတ်(၉၆)၊မြေဧရိယာ(၀ဒသမ၂၈၀)ကေရှိမြေကွက် သည် မူလကဦးလီထည့်ဇူ အမည်ဖြင့် (၁၈-၁-၂၀၅၄) ရက်နေ့အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၂၀-၄-၂၀၂၆) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၁၀/၂၀၂၆)အရ ဂရန်မြေကွက်အား ဦးပြည့်ဖြိုးလွင် ၁/မကန(နိုင်)၂၁၂၄၁၅ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးပြည့်ဖြိုးလွင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်နေ့မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)**

**တောင်တွင်းကြီးမြို့နယ် တရားရုံးတော်၌**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၇**

| | | |
|---|---|---|
| ဒေါ်သီတာခိုင် | နှင့် | ဦးဖြိုးနိုင်ဝေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရုံးစည်ကြီးကျေးရွာနေ ဦးဖြိုးနိုင်ဝေ သိစေရမည်။

သင့်အပေါ်၌တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ (၂၀ ) ရက်။ (၁၃၈၈ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၆ ရက်)မွန်းမတည့်မီ နံနက်( ၁၁ ) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထူးဇော်)
ဒုတိယမြို့နယ်တရားသူကြီး
တောင်တွင်းကြီးမြို့ နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ၃၃-၂၈၊ ဦးပိုင်အမှတ် ၃၈၊ ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း၊ ၄၈ x ၄၉ကြား၊ ၁၂၈ x ၁၂၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒု-ဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း) ၇/တငန(နိုင်)၀၀၉၀၅၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၆၅/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေဝင်းအောင် ၉/မနမ(နိုင်)၀၆၉၃၀၈၈ က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၇၊ ဦးပိုင်အမှတ် ၂၄-ခ/၆၇x၆၈ လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးအောင် ၉/မနတ (နိုင်)၀၉၈၁၉၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက် အမှတ် သ-၇ ၊ ဦးပိုင်အမှတ် ၂၄-က/၆၇x၆၈လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးအောင် ၉/မနတ (နိုင်) ၀၉၈၁၉၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် လ-၁၊ ဦးပိုင်အမှတ် ၄၆/၇၄x၇၅ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဦး ၉/မရမ(နိုင်) ၀၅၁၅၆၂က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် ၅၈၀၊ ဦးပိုင်အမှတ် ၅၁/၂-က/ထုံးဘို-မြစ်ငယ်၊ လမ်းမျက်နှာပြူ တမုတ်ဆိုးမြောင်း အနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေဟန် ၁၃/သနန (နိုင်) ၀၃၁၃၉၅ က ရေးကူးထားခဲ့သော မြေပုံမြေရာဇဝင် (၁-က) မိတ္တူမှန်တို့မှာ လက်ဝယ်တွင် အထားအသိုမှားယွင်း၍ ပျောက်ဆုံးနေပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မြေပုံမြေရာဇဝင် ထပ်မံရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အ မည်(RA-IV/ ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၇၁-င)၊ မြေဧရိယာ (၀ဒသမ၁၅)ဧကရှိ မြေအကျိုး ခံစားခွင့်များကို ဒေါ်အမာကြူ (၁၂/ဗဟန(နိုင်)၀၆၇၇၄၂)က ဦးပိုင်ခွဲ/ဂရန် အမည်ပြောင်း လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

